မြန်မာ့အလင်း

၁၂၇၈ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၁၀ ရက်၊ သောကြာနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၆၁)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေပီဂျေ၊ အဗ္ဗဒူလ်ကလမ်အား ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေပီဂျေ၊အဗ္ဗဒူလ်ကလမ် လာရောက်တွေ့ဆုံနှုတ်ဆက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ သဘောတူညီချက်နှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲတက်ရောက်

ရန်ကုန် မတ် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေပီဂျေ၊ အဗ္ဗဒူလ်ကလမ်သည် ယနေ့နံနက် ၁၀နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ●

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့်အဖွဲ့ဝင်များ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ စာချုပ်ခန်းမ၌ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ စွမ်းအင်ဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရ ရေနံနှင့်သဘာဝဓာတ်ငွေ့ ဝန်ကြီးဌာနတို့အကြား ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို တက်ရောက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မတ်လ ၁၀ ရက်)

နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး ထိရောက်စွာဆောင်ရွက် အရည်အသွေးမြင့်မားရေး ဆက်လက်ဆည်းပူးလေ့လာ

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးဟူသော အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ကိုချမှတ်၍ အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းတည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်သည် အရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်သည်။ အသိပညာရှင် အတတ်ပညာရှင် ပညာတတ်လူ့စွမ်းအား အရင်းအမြစ်များ၊ အမှန်အမှား၊ အကောင်းအဆိုး ခွဲခြားနိုင်ပြီး အတွေးအခေါ် အယူအဆကောင်းသည့် လူ့စွမ်းအားအရင်းအမြစ်များ၊ အရင်းအနှီးနှင့် နည်းပညာရှိသည့် လူ့စွမ်းအားအရင်းအမြစ်များစသည့် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ အရေအတွက် များစွာလိုအပ်ပေသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရင်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်အတွက် လိုအပ်သည့် မျိုးဆက်သစ်လူငယ်များကို အဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၁၁)သင်တန်းဆင်းပွဲ အခမ်းအနားကို မတ်လ၈ရက်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာ၌–

"သင်တန်းများနှင့် ဆွေးနွေးပွဲများပြုလုပ်ပြီး အရည်အသွေး အရည်အချင်း တိုးတက်မြင့်မားရေး၊ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ထက်မြက်ရေး၊ အကြောင်းအကျိုး ဆင်ခြင်သုံးသပ်မှု၊ ခိုင်မာသော ယုံကြည်ချက်၊ ခံယူချက်စသည့် စိတ်ပိုင်းဆိုင်ရာ မှန်ကန်ထက်မြက် ထူးချွန်ပြည့်စုံရေးများကို လေ့ကျင့်ပျိုးထောင် ပေးနေခြင်းဖြစ်ကြောင်း၊ မိမိနိုင်ငံ မိမိလူမျိုး၏ အမျိုးသားရေး စရိုက်လက္ခဏာနှင့် ဂုဏ်အင်္ဂါများကို အလေးထား ဂုဏ်ယူတတ်ရန်၊ ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှု၊ ပြည်ထောင်စု စည်းလုံးညီညွတ်မှုကို တန်ဖိုးထားမြတ်နိုးတတ်ရန်လည်း ဆွေးနွေးပို့ချပေးနေခြင်း ဖြစ်ကြောင်း"

ပြောကြားသွားသည်။

မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းတွင် နိုင်ငံ့သမိုင်း၊ အမျိုးသားရေးမူဝါဒ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်၊ နိုင်ငံတော် ကာကွယ်ရေး၊ လုံခြုံရေးနှင့် အပြည်ပြည်ဆိုင်ရာကဏ္ဍ၌ ဒေသတွင်းနှင့် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုများကို သင်ကြားပို့ချပေးခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်ဖြစ်ပေါ်တိုးတက်မှုများနှင့် နိုင်ငံတကာအခြေအနေကို သင်တန်းသားများ၏ ဘဝ အတွေ့အကြုံနှင့် ထင်ဟပ်လေ့လာခဲ့၍ နိုင်ငံတော်၏ အခြေအနေ၊ ကမ္ဘာ့အခြေအနေကို အတိုင်းအတာ တစ်ခုအထိ သိမြင်နိုင်စွမ်းရှိလာပြီ ဖြစ်သည်။ ရရှိသည့်အသိပညာ၊ အတတ်ပညာ၊ နည်းပညာ၊ အတွေးအခေါ်၊ လုပ်နည်းနှင့် ဗဟုသုတများကို လက်တွေ့နယ်ပယ်တွင် ထိထိရောက်ရောက်ဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် သင်တန်းဆင်းများအနေဖြင့် ဘာသာရပ် အလိုက်၊ ဒေသနယ်ပယ်အလိုက် တီထွင်ကြံဆမှု၊ ကျွမ်းကျင်ထက်မြက်မှုနှင့် ဗဟုသုတပြည့်ဝမှုများကို မှန်ကန်စွာအသုံးပြုပြီး နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးအတွက် ဦးတည်ချက်ရှိရှိ ထိရောက်စွာဆောင်ရွက် ကြရင်း ပြောင်းလဲတိုးတက်လျက်ရှိသည့် ခေတ်စနစ်နှင့်အညီ အရည်အချင်းနှင့်အရည်အသွေး မြင့်မား တိုးတက်အောင် ဆက်လက်ဆည်းပူးလေ့လာသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၀-၃-၂၀၀၆
(သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၄၀ ၆။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၃။ ကာတွန်းအစီအစဉ် **"ပါကျဲ"** (အပိုင်း–၁၇)
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်ထုံးရယ်မပြေယ်"** (အပိုင်း–၂၁)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင်သိုင်းလုလင်"** (အပိုင်း–၂၃)

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာ ပိတောက်လမ်းကတ္တရာလမ်းဖွင့် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေး ပညာပေးဟောပြော

ရန်ကုန် မတ် ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၅ ရက်က (၆၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာရှိ ပိတောက်လမ်း ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို တက်ရောက်အားပေးသည်။

ထို့နောက် တာဝန်ရှိသူများက လမ်းကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ကတ္တရာလမ်းသည် အလျား ပေ ၇၀၀၊ အကျယ် ၁၂ ပေရှိသည်။

လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် ထူးကြီးအခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိ၍ ကျောင်းအုပ်ဆရာမကြီးထံ ကွန်ပျူတာတစ်စုံနှင့် ငွေကျပ်ခုနစ်သိန်းတို့ကို လှူဒါန်းပြီး ထူးကြီးကျေးရွာ အမျိုးသမီးရေးရာအဖွဲ့သို့ အလှူငွေကျပ် ၁၀သိန်းကို လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ဇလုပ်ကြီး ကျေးရွာသို့ ရောက်ရှိ၍ ဇလုပ်ကြီးကျေးရွာမှ ထူးကြီး ကျေးရွာသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးစီးဖောက်လုပ်ထားသည့် ရာသီမရွေးသွားလာနိုင်သော အရှည်ကိုးမိုင် ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် အုတ်ရစ်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပျိုးထောင်ပေး

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး နည်းပညာပေး ဟောပြောပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မှ မြို့နယ်မန်နေဂျာ ဦးစိုးမြင့်က ကြက်ဆူပင်စိုက်ပျိုးရေးနှင့် ပတ်သက်၍ ရှင်းလင်းပြသသည်။ ဆက်လက်၍ ဦးစိုးမြင့်က အပင်ငယ်များနှင့် ဆေးဝါးများဖြင့် သရုပ်ပြ ရှင်းလင်းပြီး ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက ပျိုးအိတ်များ အတွင်း မျိုးစေ့များနှင့် ကိုင်းတက်များဖြင့် ပျိုးထောင် ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် အင်္ဂပူမြို့ မြို့မအခြေခံပညာမူလတန်းကျောင်း ပြုပြင်ရန် လိုအပ်သည်များကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းခန်းမ၌ ကျောင်းပြုပြင်ရန်အတွက် အလှူငွေကျပ်၁၀သိန်းကို ပေးအပ်လှူဒါန်းသည်။

ရာသီမရွေးသွားလာနိုင်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက တာဝန်ယူဆောင်ရွက်ခဲ့သည့် အင်္ဂပူမြို့နယ် လယ်ဦးစု (ရေဝါ) ရေကာတာ တည်ဆောက်ပြီးစီးမှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ရေကာတာသည် အလျားပေ ၂၄၇၀၀ရှိပြီး အကျယ် ၁၃ ပေတွင် မြေသားထု အမြင့်သုံးပေ မြှင့်တင်ခြင်းဖြစ်သည်။ အဆိုပါ ရေကာတာ ပြီးစီးသွားသည့်အတွက် လယ်ဧက၄၀၀၀ကျော် မိုးရာသီ တွင် ရေနစ်မြုပ်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည့်အပြင် ကျေးရွာအုပ်စု ခြောက်အုပ်စု ကျေးရွာပေါင်း ၂၀ မှ ပြည်သူများ အင်္ဂပူမြို့သို့ ရာသီမရွေးသွားလာနိုင်သည့် ကျေးရွာချင်းဆက်လမ်းအဖြစ် အသုံးပြုနိုင်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် အင်္ဂပူမြို့နယ် ကန်ဦးကျေးရွာ အခြေခံပညာမူလတန်း ကျောင်းသို့ရောက်ရှိ၍ ကျောင်းဆောင်သစ် ဆောက်လုပ် နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ အဆိုပါ ကျောင်းဆောင်သစ်သည် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းက ဦးစီးဆောက်လုပ်နေသော အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ ရှိသည့် အုတ်ညှပ် တစ်ထပ်ကျောင်း ဆောင်သစ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်အား ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

ထိုသို့ လာရောက်တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန

စာမျက်နှာ ၆ ကော်လံ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အဖွဲ့ဝင်များ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသောအိန္ဒိယသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့် အဖွဲ့ဝင်များ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ စာချုပ်ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရ ယဉ်ကျေးမှုဆက်သွယ်ရေးကောင်စီတို့အကြား ဗုဒ္ဓစာပေ လေ့လာသင်ကြားမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို တက်ရောက်ကြစဉ်။ (သတင်းစဉ်)

10-3 (03).p65 1 3/24/1905, 11:50 PM

ကုလသမဂ္ဂ စီမံခန့်ခွဲရေးကဏ္ဍ ပြုပြင်ပြောင်းလဲရန်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန် တိုက်တွန်းပြောကြား

ကုလသမဂ္ဂ မတ် ၉

ကုလသမဂ္ဂအဖွဲ့ကြီး၏ စီမံခန့်ခွဲရေးကဏ္ဍကို လုံးလုံးလျားလျား ပြုပြင်ပြောင်းလဲပစ်ရန် လိုအပ်ကြောင်းဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က တိုက်တွန်းပြောကြားလိုက်သည်။



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တင်ပြသည့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များတွင် လူသစ်များ တိုးမြှင့် စုစည်းမှုနှင့်လေ့ကျင့်သင်တန်းပေးရေး၊ နည်းပညာအသစ် များတွင် ရင်းနှီးမြှုပ်နှံရေး၊ အချို့သော ကုလသမဂ္ဂလုပ်ငန်းများကို နေရာရွှေ့ပြောင်းခြင်း သို့မဟုတ် ကန်ထရိုက်များ လက်သို့ လွှဲပြောင်းပေးအပ်ရေးတို့ပါဝင်သည်။

၂၀၀၅ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂထိပ်သီးညီလာခံ တက်ရောက်သည့် ကမ္ဘာ့ ခေါင်းဆောင်များက ကုလသမဂ္ဂ၏ စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အဆိုပြုချက်များ တင်ပြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်အား တိုက်တွန်းခဲ့သည်။

မီးမောင်းထိုးဖော်ပြ

အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင် စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းနှင့်တကွ အီရတ်နိုင်ငံမှ စားနပ်ရိက္ခာအတွက် ရေနံရောင်းချမှုတွင် အဂတိလိုက်စားခြင်းတို့နှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ၏ အားနည်းချက် အများအပြားကို မီးမောင်းထိုးဖော်ပြပါရှိသည်။

ဆင်းရဲမွဲတေမှု၊ သဘာဝဘေးအန္တရာယ်နှင့် ပဋိပက္ခများကြောင့်ထိခိုက်နစ်နာစေမည့် အရာများကို ကုလသမဂ္ဂက ပိုမိုတန်ဖိုးထား ထိန်းသိမ်းနိုင်ရေးအတွက် လူတိုင်းလူတိုင်းလက်တွဲဆောင်ရွက်ကြပါရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ကုလသမဂ္ဂ အထွေထွေညီလာခံတွင် တိုက်တွန်းပြောကြားလိုက်သည်။

အာဏာပေးအပ်ရေး

မစ္စတာအန်နန်သည် ပုံနှိပ်ရေးနှင့်ဘာသာပြန်စာရွက်စာတမ်း အထောက်အထားများကဲ့သို့သော အချို့လုပ်ငန်းတို့ကို နယူးယောက်မြို့မှ အခြားသော အကုန်အကျသက်သာသည့် နေရာများသို့ပြောင်းရွှေ့ရေး၊ အထူးငြိမ်းချမ်းရေးတပ်ဖွဲ့တစ်ခုထူထောင်ရေး၊ လိုအပ်သည့်နေရာသို့ ဝန်ထမ်းများအား ရွှေ့ပြောင်းရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အား အာဏာပေးအပ်ရေး စသည့်အချက်များ ပါဝင်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

လူသား၏အရိုးပြာများနှင့် အမှတ်တရပစ္စည်းများ အာကာသခရီးစဉ်တွင် ထည့်သွင်းတင်လွှတ်မည်

ကိတ်ကာနေဗာရယ် မတ် ၉

“စတားထရက်”ဇာတ်ကားတွင် အာကာသယာဉ်၏ အင်ဂျင်နီယာချုပ်အဖြစ် သရုပ်ဆောင်သူ မင်းသား ဂျိမ်းဒူဟန်၏ အရိုးပြာနှင့် ဗုဒ္ဓဟူးဂြိုဟ်လေ့လာရေးအစီအစဉ်မှ အာကာသယာဉ်မှူး ဂေါ်ဒွန်ကူးပါးတို့၏ အရိုးပြာများကို သယ်ဆောင်သွားမည့် အာကာသယာဉ်တစ်စင်းကို ယခုလအတွင်း လွှတ်တင်မည်ဟု သိရသည်။ လူသားတို့ အာကာသစူးစမ်းလေ့လာရေးကို အများသူငါ အာရုံစိုက်လာစေရန် ကူညီဆောင်ရွက်သူ ထိုပုဂ္ဂိုလ်နှစ်ဦးအား ဂုဏ်ပြုခြင်းနှင့်အတူ တယ်လီဖုန်းကျွမ်းကျင်သူတစ်ဦး၊ သူနာပြုတစ်ဦးနှင့် ကောလိပ်ကျောင်းသားတစ်ဦးအပါအဝင် အခြားသူ ၁၈၅ဦးတို့၏ အရိုးပြာကိုပါ အာကာသအတွင်းသို့ စကော့အီအာကာသယာဉ်က သယ်ဆောင်သွားမည်ဖြစ်သည်။ သယ်ဆောင်မှုစရိတ်အဖြစ် ကျန်ရစ်သူမိသားစုများက ဒေါ်လာ ၉၉၅မှ ဒေါ်လာ ၅၃၀၀ အထိ ပေးဆောင်ကြရမည်ဖြစ်သည်။

နောက်ထပ်အာကာသခရီးစဉ်တစ်ခုအဖြစ် လူတစ်ဦးလျှင် ဒေါ်လာ ၂၅၀၀၀မှ ဒေါ်လာ ၂၅၀၀၀၀အထိယူကာ အောက်ပိုင်းကမ္ဘာ့ပတ်လမ်းကြောင်းအတွင်း ပို့ပေးမည့် အာကာသခရီးသွား စီးပွားရေးလုပ်ငန်းကိုလည်း တိုးချဲ့ဆောင်ရွက်မည်ဆို၏။ အဆိုပါ အဖိုးအခသည် နိုင်ငံတကာအာကာသစခန်းယာဉ်သို့ လိုက်ပါရေးအတွက် ရုရှားသို့ စီးပွားရေးလုပ်ငန်းရှင် ဂရေဂိုရီအိုလ်ဆင်ပေးရသည့် ဒေါ်လာသန်း၂၀ထက် များစွာနည်းသည်ဟု ဆိုရမည်ဖြစ်သည်။

ရစ်ချတ်ဘရန်ဆွန်၏ ဗားဂျင်ဂလက်တစ်ကုမ္ပဏီကလည်း အာကာသခရီးစဉ်အတွက် လူတစ်ဦးလျှင် ဒေါ်လာ ၂၀၀၀၀၀နှုန်းဖြင့် ကောက်ယူလျက် လူ ၁၀၀ တို့က လိုက်ပါရန် စာရင်းသွင်းထားပြီးပြီဟုဆို၏။ ခရီးစဉ်ကို ၂၀၀၈ခုနှစ်တွင် စတင်နိုင်မည်ဟုမျှော်မှန်းထားသည်။ အခြားကုမ္ပဏီ တစ်ခုဖြစ်သော ဆီးတဲလ်မှ ဇဲရော့အဲရိုစပေ့စ်ကုမ္ပဏီက ၄၉၁၁၀မ ၉၅ဒေါ်လာနှုန်းဖြင့် ပြည်သူတို့၏ အမှတ်တရပစ္စည်းကလေးများကို ရှေ့လတွင် ဒုံးပျံဖြင့် အာကာသအတွင်းသို့လွှတ်တင်မည်ဆို၏။ **(အင်တာနက်)**

လူသား အရိုးပြာများနှင့် အမှတ်တရ ပစ္စည်းများကို တွေ့ရစဉ်။



အာဖရိက ဆာဟာရဒေသခွဲ၌ အေအိုင်ဒီအက်စ်ဖြင့် လူသုံးသန်းသေဆုံးခဲ့ရ

လူဆာကာ မတ် ၈

ပြီးခဲ့သည့်၂၀၀၅ခုနှစ်ကအာဖရိက ဆာဟာရ ဒေသခွဲ၌ အိတ်ချ်အိုင်ဗွီ-အေအိုင်ဒီအက်စ် ရောဂါဖြင့် သေဆုံးသူ စုစုပေါင်း သုံးသန်းရှိခဲ့ကြောင်း တိုင်းမ်အော့ဖ်ဇမ်ဘီယာ သတင်းစာက မတ် ၈ရက်၌ ဖော်ပြသည်။

တောင်ပိုင်းအာဖရိကတွင်အေအိုင်ဒီအက်စ် ကူးစက်မှု ၂၅ရာခိုင်နှုန်းရှိရာ ဆယ်ကျော်သက် အမျိုးသမီးငယ်လေးဦးလျှင် တစ်ဦးနှုန်း ကူးစက်ခံရှိနေရကြောင်း ဇမ်ဘီယာနိုင်ငံ၏ အမျိုးသား အေအိုင်ဒီအက်စ် ကောင်စီမှ ကျွမ်းကျင်ပညာရှင် ဂျူဘာရာမူလန်ဂါက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရှာဟက်-၃ ဒုံးကျည်များ နျူထိပ်ဖူးတပ်ဆင်ရန် အီရန်က အဆင့်မြှင့်တင်ရေး လုပ်ဆောင်နေဟုဆို

ဘာလင် မတ် ၉

အီရန်နိုင်ငံသည် အနောက်အုပ်စုက နျူကလီးယားဗုံးထုတ်လုပ်ရန် စိုးရိမ်နေချိန်တွင် နျူကလီးယားထိပ်ဖူးတပ် ဒုံးပျံများတပ်ဆင်ထုတ်လုပ်သွားရန် အစီအစဉ်လုပ်ဆောင်ရေးအတွက် တီဟီရန်က ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထောက်လှမ်းရေးသတင်းများကို ကိုးကားလျက် သံတမန်များက မတ်၇ရက်က ပြောကြားသည်။

အီရန် စစ်တပ်က ၎င်း၏ ရှာဟက်-၃ ဒုံးကျည်များကို နျူကလီးယား ထိပ်ဖူးတပ်ဆင်ရန် စီစဉ်နေကြောင်း၊ ယင်းဒုံးကျည်သည် မိုင်ပေါင်း ၁၂၄၀ ခန့်ရှိ အကွာအဝေးပစ်မှတ်ကို ပစ်ခတ်နိုင်သည်ဟု ယုံကြည်ရကြောင်း အီရန် စစ်တပ်နှင့် နီးစပ်သူများအား ဆက်သွယ်မေးမြန်းခဲ့ရာ အမေရိကန် သံတမန်တစ်ဦးက ရိုက်တာသို့ ပေးပို့သည့် ထောက်လှမ်းရေး သတင်းတစ်ရပ်၌ ဖော်ပြသည်။

အမေရိကန် ပြည်ထောင်စုနှင့် ၎င်း၏ မဟာမိတ်များက အီရန် နျူကလီးယား အစီအစဉ်ကို လုံခြုံရေး အရ စိုးရိမ်ပူပန်လျက်ရှိသည်ဟုဆိုသည်။

ငြင်းဆို

ယင်းကိစ္စနှင့် စပ်လျဉ်းပြီး အီရန် တာဝန်ရှိသူများက မဟုတ်မမှန် ကြောင်း ငြင်းဆိုထားသည်။

ရှာဟက်-၃ဒုံးကျည်သည် ဥရောပသမဂ္ဂ၊ ဝါရှင်တန်နှင့် အစ္စရေးတို့အတွက် အီရန် နိုင်ငံက နျူကလီးယား ထိပ်ဖူးတပ်ဆင်ရန် ရည်ရွယ်ထားကြောင်း အမည်မဖော်လိုသူ ဥရောပ သံတမန်တစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အီရန်နိုင်ငံ၏ ရှာဟက်-၃ ဒုံးကျည်ကို တွေ့ရစဉ်။

သကြားအစား ဆိုဒီယမ်ဆိုက်ကလာမိတ် ဆေးသကြားသုံးစွဲမှု ဘင်္ဂလားဒေ့ရှ် အစိုးရ ပိတ်ပင်တားဆီးလိုက်ပြီ

ဒါကာ မတ် ၉

ဘင်္ဂလားဒေ့ရှ်အစိုးရသည် အစားအစာများနှင့် ဆေးဝါးဆိုင်ရာပစ္စည်းများတွင် ပိုမိုချိုရန် တုပဖန်တီးထားသည့် ဆိုဒီယမ်ဆိုက်ကလာမိတ် ဆေးသကြားအသုံးပြုခြင်းကို ပိတ်ပင်တားဆီးလိုက်ကြောင်း သည်ဖိုင်နစ်ရှယ်အိတ်စ်ပရက်စ် သတင်းစာက မတ် ၇ရက်၌ ဖော်ပြသည်။

ရောဂါဖြစ်ပွားနိုင်

အဖြူရောင် အနံ့အသက်မရှိဘဲ ရေတွင်ပျော်ဝင်နိုင်သည့် အဆိုပါ ဆိုဒီယမ်ဆိုက်ကလာမိတ် ဆေးသကြားကို သုံးစွဲပါက ကျောက်ကပ်၊ အသည်းနှင့်ကင်ဆာကဲ့သို့ သေစေနိုင်သည့်ရောဂါများဖြစ်ပွားနိုင်ကြောင်း မတ် ၆ရက်က တွေ့ဆုံဆွေးနွေးပွဲတွင် ကုန်သွယ်ရေးဝန်ကြီးဌာနက ဆုံးဖြတ်ခဲ့သည်။

သကြားထက်အနည်းဆုံး အဆ ၃၀ပိုမိုချိုသည့် အဆိုပါ ဆိုဒီယမ်ဆိုက်ကလာမိတ် ဆေးသကြားကို အမေရိကန် ပြည်ထောင်စု၊ ဗြိတိန်နှင့် စင်ကာပူနိုင်ငံများအပါအဝင် နိုင်ငံပေါင်းများစွာ၌ ယခင်ကပင် သုံးစွဲရန် ပိတ်ပင်ထားခဲ့ပြီးဖြစ်သော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌မူ ကျယ်ကျယ်ပြန့်ပြန့်ပင် သုံးစွဲလျက်ရှိနေသေးကြောင်း သတင်းစာက ဖော်ပြသည်။

နိုင်ငံတကာဈေးကွက်တွင် မကြာသေးမီက သကြားဈေးနှုန်း တစ်ဟုန်ထိုး မြင့်တက်ခဲ့သဖြင့် ဆိုဒီယမ်ဆိုက်ကလာမိတ်ကို ပိုမိုတင်သွင်းခဲ့ကြသည်။

ဖော်ထုတ်တွေ့ရှိ

ဆိုဒီယမ်ဆိုက်ကလာမိတ်ကို ၁၉၃၇ခုနှစ်တွင် ဖော်ထုတ်တွေ့ရှိခဲ့သည်။ တန်ဖိုးအနည်းငယ်ဖြင့် သကြားအစား ဆိုဒီယမ်ဆိုက်ကလာမိတ်၏အစွမ်းကို သုံးစွဲရခြင်းမှာ အဖျော်ယမကာများ၊ အအေးဖျော်ရည်များ၊ သကြားရည်များ၊ ဝိုင်အရက်များ၊ ကိတ်မုန့်များ၊ စည်သွတ်အစားအစာများ၊ တာရှည်ခံအောင် ပြုလုပ်သည့် သီးသီးများ၊ ရေခဲမုန့်များနှင့် ဆေးဝါးများ စသည်တို့တွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ခြင်းကြောင့် ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဧဝရက်တောင်၏ ရာသီဥတုပြောင်းလဲစေမှု ယူနက်စကိုအဖွဲ့က စူးစမ်းလေ့လာစောင့်ကြည့်သွားမည်

လန်ဒန် မတ် ၉

ဟိမဝန္တာတောင်တန်း ဒေသကဲ့သို့သော နေရာများအပေါ် ရာသီဥတုပြောင်းလဲမှု၏ ရိုက်ခတ် အကျိုးသက်ရောက်မှုကို စူးစမ်းလေ့လာ ဖော်ထုတ်ပေးမည့် အထူးလုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ကုလသမဂ္ဂအဖွဲ့ကြီးက ဖွဲ့စည်းပေးတော့မည် ဖြစ်သည်။

အထူးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရန် ကုလသမဂ္ဂပညာရေး၊သိပ္ပံနှင့်ယဉ်ကျေးမှု အဖွဲ့(ယူနက်စကို)၏ ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းရေးကော်မတီ နှစ်ပတ်လည်အစည်းအဝေးတွင်ဆုံးဖြတ်ချက်ချမှတ်လိုက်ခြင်းဖြစ်သည်။

ခြိမ်းခြောက်

ရာသီဥတုပြောင်းလဲမှုက သဘာဝအမွေအနှစ် နေရာဒေသများနှင့် ယဉ်ကျေးမှုအမွေအနှစ် နေရာဒေသများကို အမှန်တကယ် ခြိမ်းခြောက်အန္တရာယ်ပြုနေကြောင်း နှစ်ပတ်လည်အစည်းအဝေးတွင် ကြေညာလိုက်သည်။

နည်းလမ်း

ကုလသမဂ္ဂ အဖွဲ့ကြီး၏ ဤပဏာမခြေလှမ်းက ကမ္ဘာ့အမွေအနှစ်ဒေသများကို ကာကွယ်စောင့်ရှောက်ရန် တစ်ခုတည်းသော နည်းလမ်းအဖြစ်ဖြင့် ကမ္ဘာပေါ်ရှိ အစိုးရများအပေါ် ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့များ ထုတ်လုပ်နေမှုလျှော့ချ ဖြတ်တောက်ရန် တရားဝင်စည်းနှောင်တာဝန်ပေးနိုင်မည်ဖြစ်သည်။

ချီးကျူး

ဤဆုံးဖြတ်ချက် အောင်မြင်စွာ ချမှတ်နိုင်အောင် တွန်းအားပေးသည့်

ဧဝရက်တောင်ကို တွေ့ရစဉ်။

ဗြိတိန်ကိုလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုံ့ဆော်သူများက ချီးကျူးလိုက်သည်။

ဟိမဝန္တာတောင်တန်းမှ ဆာဂါမာသာ အမျိုးသားဥယျာဉ်၊ ပီရူးနိုင်ငံ အင်ဒီးစ်တောင်တန်းမှ ဟုစကာရန် အမျိုးသားဥယျာဉ်နှင့် ဘလိစ်နိုင်ငံမှ အတားအဆီး ကျောက်တန်းများကို ယူနက်စကို၏အန္တရာယ် ကြုံတွေ့နေရသည့် ကမ္ဘာ့အမွေအနှစ်များစာရင်းတွင် ထည့်သွင်းပေးပါရန်နီပေါ၊ ပီရူးနှင့် ဘလိစ်နိုင်ငံတို့မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အုပ်စုများက တင်ပြတောင်းဆိုကြသည်။ ယင်းကိစ္စကို ရာသီဥတုမှုတရေးအဖွဲ့က ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျေနပ်မိ

ကမ္ဘာ့အမွေအနှစ်များရှိရာ နေရာများအပေါ် ရာသီဥတုပြောင်းလဲမှုက ရိုက်ခတ်အန္တရာယ်ပြုလာမှုကို စုံစမ်းစစ်ဆေးရန် ကမ္ဘာ့အမွေအနှစ်များထိန်းသိမ်းရေး ကော်မတီက ဆုံးဖြတ်လိုက်ခြင်းအပေါ် မိမိများစွာ အားရကျေနပ်မိကြောင်း ရာသီဥတု မှုတရေးအဖွဲ့ ညွှန်ကြားရေးမှူး ပီတာရိုဒါရစ်က ပြောကြားလိုက်သည်။

သို့သော်လည်း လောလောဆယ် မျှော်မှန်းသလို အပြည့်အဝဖြစ်လာမည်မဟုတ်ကြောင်း ၎င်း၏အမြင်ကို ပြောကြားလိုက်သည်။ သို့သော် ဧဝရက်တောင် ပီရူးမှ အင်ဒီးစ်တောင်နှင့် ဘလိစ်နိုင်ငံမှ အတားအဆီး ကျောက်တန်းတို့ကို နောင်လာနောက်သားများ အကျိုးခံစားနိုင်ကောင်းရဲ့ဟူသော မျှော်လင့်ချက်ကိုမူ အနည်းဆုံးထား ရှိနိုင်ကြောင်း မစ္စတာရိုဒါရစ်က ဝေဖန်ပြောကြားသည်။

(အင်တာနက်)

နိုင်ငံတကာ သတင်းများ

ကန်နှင့်ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များပါသော ရဟတ်ယာဉ် ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း၌ ပစ်ခတ်ခံရ

မနီလာ မတ် ၉

ဖိလစ်ပိုင်တောင်ပိုင်း၌ အင်္ဂါနေ့နှောင်းပိုင်း မတ် ၇ရက်က အမေရိကန်နှင့် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များကို တင်ဆောင်ပျံသန်းလာသည့် ရဟတ်ယာဉ်များကို အဘူဆေရက်ဟု သံသယရှိသော လက်နက်ကိုင်သေနတ်သမားများက ပစ်ချခဲ့ကြောင်း သို့ရာတွင် ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း မနီလာရှိ စစ်ဘက်သတင်းများနှင့် အမေရိကန်သံရုံးက မတ် ၈ရက်၌ ပြောကြားသည်။

အဆိုပါ ရဟတ်ယာဉ်များသည် ဆုလုကျွန်းပေါ်တွင် ကောင်းကင်လေ့လာဆန်းစစ်မှုများပြုလုပ်နေစဉ် ပစ်ချခံရခြင်းဖြစ်ကြောင်း ၎င်းစစ်ဘက်သတင်းများက ပြောကြားသည်။

အမေရိကန်အထူးတပ်ဖွဲ့ဝင်များနှင့် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် အမေရိကန်လုပ် ရဟတ်ယာဉ်နှစ်စင်းသည် ဂျိုလိုမြို့ဘွန်းနားရွာအနီး တောင်ကြားတစ်ခုမှ ရိုင်ဖယ်သေနတ်ဖြင့် ပစ်ခတ်ခံရကြောင်း၊ ကျည်ဆန်များသည် ရဟတ်ယာဉ်များကို ထိုးဖောက်ဝင်လာသော်လည်း တစ်စုံတစ်ယောက်မျှ ဒဏ်ရာရရှိခြင်း မရှိဟုဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကော်ဖီလွန်ကဲစွာ သောက်သုံးလျှင် နှလုံးရောဂါပိုမိုဖြစ်ပွားနိုင်

နယူးယောက် မတ် ၉

လူများအနေဖြင့် ကော်ဖီကို လွန်ကဲစွာ သောက်သုံးလျှင် နှလုံးရောဂါဖြစ်ပွားမှုကို တိုးမြင့်ဖြစ်ပေါ်စေကြောင်း၊ ကော်ဖီတွင်ပါရှိသည့် ကာဖိန်းဓာတ်သည် ကိုယ်တွင်းဇီဝဖြစ်စဉ်ပြောင်းလဲမှုကို ဖြစ်ပေါ်စေခြင်းကြောင့်ဖြစ်ကြောင်း အမေရိကန်ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းမှထုတ်ဝေသည့် ဂျာနယ်တစ်စောင်၌ လေ့လာဆန်းစစ်သူများက ပြောကြားလိုက်သည်။

ကော်ဖီတွင်ပါရှိသော ကာဖိန်းဓာတ်သည် အသည်းတွင် အခြေခံ သန့်စင်မှုလုပ်ငန်းကို ထိခိုက်စေသည်ဟု ဒေါက်တာ အာမက်အီလ်ဆိုဟီမိုင်က ရေးသားထားသည်။

ထို့အပြင် ကာဖိန်းဓာတ်သည် ကိုယ်ခန္ဓာအညစ်အကြေးစွန့်ပစ်ရာတွင်လည်း ဓာတ်ပြောင်းပစ္စည်းများကို ပြောင်းလဲပစ်ခြင်းတို့ကြောင့် ထိခိုက်မှုရှိကြောင်း၊ ထို့ကြောင့် နှလုံးရောဂါ တိုက်ခိုက်မှုဒဏ်ကို ပိုမိုခံကြရကြောင်း ၎င်းက ရေးသားထားသည်။

စမ်းသပ်ခဲ့

ယခုကဲ့သို့ လေ့လာသုတေသနပြုမှုကို အဆိုပါအဖွဲ့မှ သုတေသနပညာရှင်များက လူနာ ၂၀၁၄ဦးကို စမ်းသပ်သုတေသနပြုခဲ့ရာမှ တွေ့ရှိခဲ့ရခြင်းဖြစ်သည်ဟု တိုရွန်တိုတက္ကသိုလ်မှ ဒေါက်တာအာမက်အီလ်ဆိုဟီမိုင်က ရေးသားသည်။

နှေးကွေးစေ

အဆိုပါ သုတေသနပြုချက်ကို ကော်စတာရီကာတွင် ၁၉၉၄ ခုနှစ်မှ ၂၀၀၄ခုနှစ်အကြား ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ ကော်ဖီသောက်သုံးခြင်းဖြင့် ကော်ဖီတွင်ပါရှိသော ကာဖိန်းဓာတ်သည် ကိုယ်တွင်းမှ အညစ်အကြေးစွန့်ပစ်မှုကို နှေးကွေးစေပြီး နှလုံးရောဂါဖြစ်ပွားမှုကို တိုးမြင့်စေကြောင်း ၎င်းအဖွဲ့က ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး ဟမ်ဘာဂါပေါင်မုန့်။

ကမ္ဘာ့အကြီးဆုံးဟမ်ဘာဂါ

ကမ္ဘာ့အကြီးဆုံး ဟမ်ဘာဂါ ပေါင်မုန့်ကြီးကို ဒိန်းမတ်နိုင်ငံ ပင်ဆေဗေးနီးယားရှိ စားသောက်ဆိုင် တစ်ဆိုင်၌ ပြုလုပ်ထားသည်ကို တွေ့ရခြင်းဖြစ်သည်။ ယင်း အသားညှပ်ပေါင်မုန့် (ဟမ်ဘာဂါ) သည် အလေးချိန် ကိုးပေါင်ရှိပြီး ၂၃ဒသမ၉၅ ဒေါ်လာဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

ရှားပါးရေနေသတ္တဝါမျိုးစိတ်သစ်

အလွန်ရှားပါးသော ရေနေသတ္တဝါ မျိုးစိတ်သစ်တစ်ကောင်ကို တွေ့ရစဉ်။ (ယာပုံ)

အဆိုပါ ရေနေသတ္တဝါကို ပစိဖိတ်သမုဒ္ဒရာတောင်ဘက်ရှိ အရှေ့ကျွန်းစုများအနီးတွင် ရှာဖွေတွေ့ရှိရခြင်းဖြစ်ပြီး အရှည် ၁၅စင်တီမီတာခန့်ရှည်ကာ အခွံမာ ရေနေသတ္တဝါတစ်ကောင်ဖြစ်ကြောင်း ပင်လယ် ရေနေသတ္တဝါများဆိုင်ရာ ပြင်သစ်သုတေသန ပညာရှင်များက ပြောဆိုသည်။

(အင်တာနက်)

ပါကစ္စတန်နိုင်ငံ ကက်ရှ်မီးယားဒေသ ငလျင်ဒဏ်ကျရောက်ခဲ့သော ကျေးရွာတစ်ရွာမှ အသက်ရှင်ကျန်ရစ်သူများအတွက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့မှ ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်ရေးပစ္စည်းများအား ချပေးနေသည်ကို မတ်၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ

ရန်ကုန် မတ် ၉

ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲ ကို မ/ဥက္ကလာပ မြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတွင် လစဉ်တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု (၁၃၆) ကြိမ်မြောက် တရားစခန်းပွဲတွင်လည်း ပုပ္ပား(၂) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တ သောဘန(ဓမ္မစရိယ၊L. L. B) ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တ ဇာဂရ(ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်းခန္ဓာ့ဘဏ်ရောက် သစ္စာဆိုက် အောင် ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများ အနေဖြင့် တပေါင်းလပြည့်ကျော် ၃ ရက် (မတ် ၁၆ ရက်) ကြာသပတေးနေ့ ညနေအရောက် လာကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ ဖုန်း- ၆၉၀၀၅၉သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး သင်္ကြန်တွင်းတရားစခန်းဝင်မည့် ယောဂီများ တန်ခူးလဆန်း ၁၀ ရက် (ဧပြီ ၇ ရက်) သောကြာနေ့ ညနေအရောက်လာကြရန် ဖိတ်ကြားထားကြောင်းသိရသည်။ **(က-ပ)**

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အောင်မြင်အောင်ဝိုင်းဝန်းကြိုးပမ်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးစေတနာထားဆောင်ရွက်

ရန်ကုန် မတ် ၉

ကသာမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများ လိုက်ပါလျက် မတ် ၄ ရက် နံနက် ၇ နာရီ မိနစ် ၄၀တွင် ကသာမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာတင်မင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းရှိ ခွဲစိတ်လူနာကုသဆောင်၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း(၁)၊ ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကသာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ခြံစည်းရိုး ကြက်ဆူပင် တစ်အုပ်တစ်မစိုက်ခင်းသို့လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းနှင့် ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်သို့ လည်းကောင်း၊ ကသာခရိုင် မြို့နယ်ဌာနပေါင်းစုံ၏ခြံစည်းရိုးကြက်ဆူပင်ပျိုးခြံသို့လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဌာနဆိုင်ရာများနှင့်တွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် နံနက် ၈နာရီမိနစ် ၂၀ တွင် ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များရှင်းလင်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ရေးဦးစွာ ကောလင်းမြို့နယ် ဝန်းသိုမြို့နယ်၊ ပင်လယ်ဘူးမြို့နယ်၊ ထီးချိုင့်မြို့နယ်၊ ကသာမြို့နယ်၊ အင်းတော်မြို့နယ်၊ ဗန်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက မိုးစပါးနှင့် နွေစပါးစိုက်ပျိုးနိုင်မှု၊ ဒေသဝမ်းစာဖူလုံမှု၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေနှင့်ပညာရေးကျန်းမာရေးကဏ္ဍ လိုအပ်ချက်များကိုရှင်းလင်းတင်ပြကြသည်။

ယင်းနောက်ကသာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်အောင်က ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်တင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျေးလက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းရေး၊ ခရိုင်ချင်းဆက်၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပြီး နယ်မြေအနှံ့ရောက်ရှိအောင် ကွင်းဆင်းဆောင်ရွက်ရေး ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးရေးနှင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများက စေတနာထား ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကသာမြို့ ဆိပ်ကမ်းမှ ရေယာဉ်ဖြင့် ထွက်ခွာလာရာ စစ်ကိုင်းတိုင်း ပုလေရွှေကျေးရွာသို့ ရောက်ရှိကြပြီး ယင်းမှ တစ်ဆင့် ရွာသစ်ရွာ လမ်းဆုံသို့ ရောက်ရှိပြီး လမ်းဘေးဝဲယာ စပါးစိုက်ခင်းများနှင့် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကသာ-အင်းဒရန့်-ငအိုးလမ်းပေါ်ရှိ လမ်းနှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကသာ-အင်းဒရန့်-ငအိုး လမ်းပေါ်ရှိ လမ်းနှင့်တံတားတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တံတားအခြေအနေများကိုလည်းကောင်း၊ ဗန်းမော်-မဘိမ်းလမ်းပေါ်ရှိ ရွှေလီတံတား(ငအိုး)သို့ ရောက်ရှိပြီး ကျောက်ဖြည့် ရေလွှဲဂရစ်တန်းများ အခြေအနေ ရေစီးရေလာ အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ထီးချိုင့်မြို့နယ် မောင်းကုန်းရှိ ဂရိတ်ဝေါလ်သကြားစက်ရုံသို့ ရောက်ရှိလာရာ စက်ရုံတာဝန်ခံ ဦးတင်မောင်က သကြားစက်တည်ဆောက်မှု၊ ကြံစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည်သကြားစက်ရုံတည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြတောင်စံပြကျေးရွာရှိ ပြည်သူ့ကျန်းမာရေး အဆောက်အအုံသို့ ရောက်ရှိကြရာ တာဝန်ခံဆရာဝန် ဒေါက်တာကျော်သူရက ကျန်းမာရေးအဆောက်အအုံ အခြေအနေ၊ လူနာများ ဆေးကုသမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူး ဒေါက်တာတင်မင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က ဖြည့်စွက်တင်ပြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးလူနာဆောင်၊ အမျိုးသားလူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆေးစတိုခန်း၊ သံဃာတော်များဆေးကုသဆောင်၊ ဝန်ထမ်းအိမ်ရာ၊ဆရာဝန်နေအိမ်၊တည်ဆောက်ဆဲဓာတ်မှန်အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြတောင်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိကြပြီး ဆောက်လုပ်ပြီး မြသိန်းချစ် ကျောင်းဆောင်၊ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါမြတောင်ကျေးရွာဆေးပေးခန်းနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ၊ မြသိန်းချစ် နှစ်ထပ်ကျောင်းဆောင်တို့ကို အလှူရှင် ဦးသောင်းဘဏ်-သီရိသုဓမ္မသိင်္ဂီဒေါ်လှတင် မိသားစုက ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

စိုက်ပျိုးထားရှိ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် သပိတ်ကျင်းမြို့နယ် နယ်မြေခံတပ်သို့ ရောက်ရှိကြပြီး ခြံစည်းရိုး ကြက်ဆူပင် ၈ဒသမ ၈၂ ဧက စိုက်ပျိုးထားမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားပြီး ဆက်လက်ထွက်ခွာကြရာ မန္တလေးမြို့သို့ ည ၉ နာရီ မိနစ် ၃၀တွင် ရောက်ရှိ ညအိပ်ရပ်နားကြသည်။

ယင်းနေ့ နံနက် ၇နာရီကလည်း ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကသာမြို့ နယ်မြေခံ တပ်ရင်း အောင်တံခွန်ခန်းမ၌ အရာရှိ စစ်သည်မိသားစုဝင်များနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများ၊ ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ရေး ရှင်းလင်းမှာကြားပြီး မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကသာမြို့ နယ်မြေခံတပ်ရင်း၏ ခြံစည်းရိုး ကြက်ဆူမျိုးကိုင်းပျိုးခြံ၌ပျိုးပင်၃၆၀၀၀ စိုက်ပျိုးထားမှုနှင့် ပျိုးပေါင်၄၈ ပေါင်ဖြင့် ပျိုးပင် ၉၁၀၀၀ ပျိုးထောင်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၃ မှ

သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့်အတူ အိန္ဒိယသမ္မတနိုင်ငံ အစိုးရ အဆင့်မြင့်အရာရှိကြီးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ၊ ဧည့်သည် တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂နာရီခွဲတွင် ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ စာချုပ်ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား နှစ်နိုင်ငံသဘောတူညီချက်နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အစီအစဉ်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရကိုယ်စား အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် Mr. Shyam Saran တို့က "ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတ နိုင်ငံအစိုးရတို့အကြား ဂြိုဟ်တုဖြင့် အဝေးမှစူးစမ်းရှာဖွေရေး နယ်ပယ်တွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာမူဘောင် သဘောတူညီချက်" (Framework Agreement Mutual Cooperation in the field of Remote Sensing between the Government of the Union of Myanmar and the Government of the Republic of India) ကို လက်မှတ်ရေးထိုးကြပြီး သဘောတူညီချက်ကို အပြန်အလှန်လဲလှယ်ကြသည်။

အပြန်အလှန်လဲလှယ်

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရကိုယ်စား အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် Mr. Shyam Saran တို့က "ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီး ဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရ ယဉ်ကျေးမှုဆက်သွယ်ရေးကောင်စီတို့အကြား ဗုဒ္ဓစာပေလေ့လာသင်ကြားမှု ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ" (Memorandum of Understanding on Cooperation in Buddhist Studies between the Ministry of Religious Affairs of the Government of the Union of Myanmar and Indian Council for Cultural relatious of the Government of the Republic of India) ကို လက်မှတ်ရေးထိုးကြပြီး နားလည်မှုစာချွန်လွှာကို အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရကိုယ်စား အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ ဝန်ကြီးဌာန တွဲဖက်အတွင်းဝန် Mr. Prabh Das တို့က "ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ စွမ်းအင်ဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရ ရေနံနှင့် သဘာဝဓာတ်ငွေ့ ဝန်ကြီးဌာနတို့အကြား ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ" (Memorandum of Understanding on Cooperation in Petroleum Sector between Ministry of Energy of the Government of the Union of Myanmar and Ministry of Petroleum and Natural Gas of the Government of the Republic of India) ကို လက်မှတ်ရေးထိုးကြပြီး နားလည်မှုစာချွန်လွှာကို အပြန်အလှန်လဲလှယ်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး သာသနာလုပ်ငန်း ကဏ္ဍသုံးရပ်ချ လူ၊ နတ်၊ ပြဟ္မာ၊ သတ္တဝါအားလုံး၏ အကျိုးစီးပွားချမ်းသာများဆောင်ရွက် သာသနာပြုလုပ်ငန်း၏ အလွန်မွန်မြတ်ပုံကို ပီတိပွားကာ သံဃာ့အဖွဲ့အစည်း၏ ရည်ရွယ်ချက်များ ထမြောက်အောင် ဆောင်ရွက်တော်မူ

ရန်ကုန် မတ် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး၌မိန့်ကြားတော်မူအပ်သော သဘာပတိဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် ဘဒ္ဒန္တ ကုမာရမဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာ–

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ နိုင်ငံတော်တစ်ဝန်းလုံးရှိ ပြည်နယ်/တိုင်း အသီးသီးမှ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သြဝါဒါစရိယဆရာတော်ဘုရားကြီးများအမှူးရှိသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်မြတ်တို့ဘုရား။

ဆရာတော်ဘုရားများ သက်တော်ရာကျော်ရှည်တော်မူကြလျက် ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်းချမ်းမြေ့စွာဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စတို့ကို လုံ့လမလစ်အားသစ်ကြိုးပမ်းထမ်းဆောင်တော်မူနိုင်ကြပါစေဟု မေတ္တာပုဗ္ဗင်္ဂမအာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်စကား လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား၊ ဘုရားတပည့်တော်တို့နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်း၍ "သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး"ဟူသော ဦးတည်ချက်ဖြင့် သာသနာတော်ကိစ္စအဝဝတို့ကို ဆောင်ရွက်လာခဲ့ကြသည်မှာ ၂၅နှစ် ငွေရတုကို ကျော်လွန်၍ ၂၆နှစ် အတွင်းသို့ပင် ချင်းနင်းဝင်ရောက်ခဲ့ပါပြီဘုရား၊ ယင်းသို့ဆောင်ရွက်ကြရာ၌ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်းရခြင်း၏ အကြောင်းရင်းနှင့် ရည်ရွယ်ချက်များ မျက်ခြည်မပြတ်ရန် လိုအပ်ပါသည်ဘုရား။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းရခြင်း၏အကြောင်းရင်းကို ပြန်ပြောင်းလျှောက်ထားရပါလျှင် ထိုအချိန်က သာသနာတော်၏ အခြေအနေကို ကြည့်ရှုလေ့လာသုံးသပ်ပါက သာသနာတော်ကြီး၏ ဂုဏ်သိက္ခာညှိုးနွမ်းနိမ့်ကျ ဆုတ်ယုတ် သွားစေနိုင်သော ဗုဒ္ဓဝါဒမဟုတ်သည့် ဘာသာခြားစာပေများကို လေ့လာ၍ မိမိတို့တက္ကဉာဏ်ဖြင့် မဟုတ်မမှန်လုပ်ကြံတီထွင်ထားသော လူပြိန်းကြိုက် အဓမ္မဝါဒများကို ဗုဒ္ဓဝါဒ အမည်တင်ကာ ဟောပြောပြသမှု၊ ရေးသားထုတ်ဝေမှုများကို ပြုလုပ်နေကြသူများ၊ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ကွယ်ပျောက်၍ မဟာယာနသာသနာဖြင့် အစားထိုးလိုသူများ ပေါ်ထွက်စပြုနေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နေရပါသည်။

ထို့ပြင် ဝိနည်းသိက္ခာပုဒ်တော်ကို စောင့်ထိန်းလိုက်နာခြင်းမရှိဘဲ ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ပါးကိုစွန့်ပယ်ပြီး ဘုရားရှင် စက်ဆုပ်တော်မူအပ်သော ဓာတ်ရိုက်၊ ဓာတ်ဆင်၊ ဗေဒင်ယတြာ၊ ဂါထာမန္တရားစသည်များဖြင့် ကုလဒူသန အနေသနမှု ပြုလုပ်နေကြသော အလဇ္ဇီ၊ ဒုဿီလရဟန်းဆိုးများ၊ တန်ခိုးကြီး ဘုရားပရိဝုဏ် အနီး၌နေထိုင်ကြ၍ မိမိတို့ကိုယ်တိုင် ဘိုးတော်အမည်ခံယူကြရုံမျှမက များစွာသော ထွက်ရပ်ပေါက် ဘိုးတော်၊ ဘတော်အမည်ခံ မလျော်ကန်သောလူရုပ်များ၊ မယ်တော်ကြီး၊ မယ်တော်လေး၊ မင်းကြီး၊ မင်းကလေး၊ ကိုးမြို့ရှင်၊ နယ်ပိုင်ရှင် စသော နတ်ရုပ်များကိုပြသလျက် သာသနာဖျက်အလုပ်များကို သာသနာပြုအမည်ခံကာ ရဲဝံ့စွာပြုလုပ်နေကြသော ရဟန်းများ၊ သိက္ခာမတင် သိမ်မဝင်ဘဲ မိမိတို့ဘာသာသင်္ကန်းဝတ်လျက် မြို့ရွာ/ရပ်ကွက်အတွင်း လှည့်လည်ကြ၍ လည်းကောင်း၊ လူစည်ကားရာ ဘုရားစောင်းတန်းစသည်များ၌ အမြင်မတော်အောင် စောင့်မျှော်နေထိုင်ကြ၍လည်းကောင်း၊ တောင်းခံစားသောက်နေကြသူများ ပေါ်ပေါက်နေသည်ကိုလည်း တွေ့မြင်ကြားသိနေကြရပါသည်။

ယင်းသို့သော သာသနပစ္စတ္ထိက=သာသနာ့ရန်သူ၊ သာသနာ့အညစ်အကြေး၊ သာသနာ့အန္တရာယ်တို့ကို မပယ်မရှား မတားမဆီး မပိတ်ပင်ဘဲ လျစ်လျူရှုနေကြပါက ယင်းအန္တရာယ်များ တစ်စတစ်စကြီးပွားလာလျှင် သာသနာတော်ကြီး ပျက်စီးတိမ်းပါးသွားနိုင်ပါသည်ဘုရား။

ထို့ကြောင့် သုဓမ္မာ၊ ရွှေကျင်၊ ဒွါရစသော သံဃာ့ဂိုဏ်းကြီးများကို စနစ်ကျနသော သံဃာ့အဖွဲ့အစည်းများအဖြစ် ဖွဲ့စည်း၍ သံဃာတော်အချင်းချင်း ကြပ်မတ်ကွပ်ကဲဆောင်ရွက်သွားနိုင်မှသာ ဆိုခဲ့ပြီးသော သာသနာ့ဘေးရန်များ ပပျောက်၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားနိုင်မည်ဖြစ်သည့်အတွက် သာသနာ့ဦးသျှောင် ဆရာတော်များနှင့် နိုင်ငံ့ခေါင်းဆောင် နိုင်ငံတော်အကြီးအကဲများ ဆွေးနွေးညှိနှိုင်း တိုင်ပင်တော်မူကြ၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကျင်းပကာ စည်းမျဉ်းလုပ်ထုံးများရေးဆွဲပြီးလျှင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းလျက် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော သာသနာပြုလုပ်ငန်းကြီးကို ဆောင်ရွက်လာခဲ့ကြပါသည်။ ယခုလဲ ဆောင်ရွက်ဆဲ နောင်လဲဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ဤသည်မှာ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းရခြင်းအကြောင်း ဖြစ်ပါသည်ဘုရား။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းအခန်း(၂) အပိုဒ် (၁၂)၌ သံဃာ့အဖွဲ့အစည်း ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များကို(က)သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရန်ဖြစ်သည် စသည်ဖြင့်(က)မှ(ဆ)အထိ ခုနစ်ချက်ပြဆိုထားပါသည်။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ဘုရားတပည့်တော် လျှောက်ထားခဲ့ပြီးသော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းရခြင်းအကြောင်း နိဒါန်း၌ ပြဆိုခဲ့သည့် သာသနပစ္စတ္ထိက=သာသနာ့ရန်စွယ်အန္တရာယ် အညစ်အကြေးများကို ပယ်ရှားတားဆီးနိုင်ရန်နှင့် ရည်ရွယ်ချက်များ ထမြောက်အောင်မြင်ရန် မလျှော့သော ဇွဲလုံ့လဖြင့် ညီညီညွတ်ညွတ် ညှိနှိုင်းတိုင်ပင်ကြကာ ဆောင်ရွက်တော်မူကြမှ သာသနာတော်မြတ်ကြီး အညစ်အကြေးကင်း၍ သန့်ရှင်းစင်ကြယ်ပြီး ကာလအရှည် တည်တံ့ကာ စည်ပင်ပြန့်ပွားထွန်းကားနိုင်မည် ဖြစ်ပါသည်ဘုရား။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား၊ ဘုရားတပည့်တော်တို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ပါဝင်ကြသော ဆရာတော်အရှင်မြတ်တို့သည် သီတင်းသုံးဖော်တို့၏ ချစ်ခင်အပ်၊ လေးစားအပ်၊ ချီးမွမ်းအပ်သူများ ဖြစ်ကြမှသာ ဘုရားတပည့်တော်တို့ ဆောင်ရွက်အပ်သော သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများ ထမြောက်အောင်မြင်နိုင်မည် ဖြစ်ပါသည်။သီတင်းသုံးဖော်တို့၏ မချစ်ခင်အပ်၊ မလေးစားအပ်၊ မချီးမွမ်းအပ်သူများ ဖြစ်နေကြပါက ဘုရားတပည့်တော်တို့ ဆောင်ရွက်အပ်သော သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများ ထမြောက်အောင်မြင်နိုင်မည် မဟုတ်ပါဘုရား။

ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်ဟောကြားတော်မူအပ်သော သီတင်းသုံးဖော်တို့မချစ်ခင်အပ်၊ မလေးစားအပ်၊ မချီးမွမ်းအပ်သူဖြစ်ကြောင်းနှင့် သီတင်းသုံးဖော်တို့ချစ်ခင်အပ်၊ လေးစားအပ်၊ ချီးမွမ်းအပ်သူဖြစ်ကြောင်းများကို ဖော်ပြသည့် နပ္ပိယသုတ်တော်ကိုအကျဉ်းချုပ်၍ လျှောက်ထားလိုပါသည်ဘုရား။

ဆရာတော်အရှင်သူမြတ်တို့ဘုရား ဗုဒ္ဓရှင်တော်မြတ်သည်–

ဣဓ ဘိက္ခဝေ ဘိက္ခု အမိကရဏိကော ဟောတိ အမိကရဏသမထဿ န ဝဏ္ဏဝါဒီ" အစရှိသည်ဖြင့် သီတင်းသုံးဖော်တို့ မချစ်ခင်အပ်၊ မလေးစား အပ်၊ မချီးမွမ်းအပ်သူဖြစ်ကြောင်း တရားများကိုလည်းကောင်း–

"ဣဓ ပန ဘိက္ခဝေ ဘိက္ခုနီ အမိကရဏိကော ဟောတိ အမိကရဏသမထဿ ဝဏ္ဏဝါဒီ"အစရှိသည်ဖြင့် သီတင်းသုံးဖော်တို့ ချစ်ခင်အပ်၊ လေးစားအပ်၊ ချီးမွမ်းအပ်သူဖြစ်ကြောင်း တရားများကိုလည်းကောင်း ဟောကြားတော်မူပါသည်။(အံ၊ ၃၊ ၃၈၉၊ ၃၉၀၊ ၃၉၁)

ထိုတရားများ၏အကျဉ်းချုပ်အဓိပ္ပာယ်မှာ–

(၁) အဓိကရဏိကော = အဓိကရဏ်းကိုပြုတတ်သူ။
(၂) န သိက္ခာကာမော = သိက္ခာသုံးပါးကိုမလိုလားသူ။
(၃) ပါပိစ္ဆော = ယုတ်မာသောလောဘအလိုရမ္မက်ရှိသူ။
(၄) ကောဓနော = အမျက်ထွက်တတ်သူ။
(၅) မက္ခီ = သူတစ်ပါးဂုဏ်ကိုချေဖျက်တတ်သူ။
(၆) သဌော = စဉ်းလဲကောက်ကျစ်သူ၊ မိမိ၌မရှိသောဂုဏ်ကိုအရှိလုပ်ကာ လွဲမှားစွာပြောဆိုတတ်သူ။
(၇) မာယာဝီ = မိမိအပြစ်ကို ဖုံးကွယ်လှည့်ပတ်ခြင်း (မာယာ)ရှိသူ။
(၈) ဓမ္မာနံ န နိသာမကဇာတိကော = လောကုတ္တရာတရားတို့ကို ရှုမှတ်ဆင်ခြင်သိမြင်မှုမရှိသူ။
(၉) န ပဋိသလ္လီနော = ကမ္မဋ္ဌာန်းဖြင့် တစ်ပါးတည်း မကိန်းအောင်းသူ။
(၁၀) သဗြဟ္မစာရီနံ န ပဋိသန္ထာရကော = သီတင်းသုံးဖော်တို့ကို အာမိသ၊ ဓမ္မနှစ်ဌာနဖြင့် ချီးမြှောက်မှု မပြုတတ်သူ။

ဤသို့သဘောရှိသော ရဟန်းမှာ"ငါ့ကို သီတင်းသုံးဖော်တို့က အရိုအသေပြုကြ၊ အလေးဂရုပြုကြ၊ မြတ်နိုးကြ၊ ပူဇော်ကြပါမူကောင်းလေစွ"ဟု လိုလားတောင့်တပါသော်လည်း ပညာရှိသီတင်းသုံးဖော်တို့က ထိုရဟန်းမှာ အဓိကရဏ်းကို ပြုမှု၊ သိက္ခာသုံးပါးမလိုလားမှုစသော ယုတ်မာသော အကုသိုလ်တရားတို့ကို မပယ်ရှားနိုင်မှန်း သိမြင်နေကြသောကြောင့် ထိုရဟန်းကို သီတင်းသုံးဖော်တို့က အရိုအသေမပြုကြ၊ အလေးဂရုမပြုကြ၊ မမြတ်နိုးကြ၊ မပူဇော်ကြသည်သာဖြစ်၏။

(၁) န အဓိကရဏိကော = အဓိကရဏ်းကိုမပြုတတ်သူ။
(၂) သိက္ခာကာမော = သိက္ခာသုံးပါးကိုလိုလားသူ။
(၃) အပ္ပိစ္ဆော = လောဘအလိုရမ္မက်နည်းပါးသူ။
(၄) အက္ကောဓနော = အမျက်မထွက်တတ်သူ။
(၅) အမက္ခီ = သူတစ်ပါးဂုဏ်ကိုမချေဖျက်တတ်သူ။
(၆) အသဌော = မစဉ်းလဲ မကောက်ကျစ်သူ၊ မိမိ၌မရှိသောဂုဏ်ကို အရှိလုပ်ကာ လွဲမှားစွာ မပြောဆိုတတ်သူ။
(၇) အမာယာဝီ = မိမိအပြစ်ကို ဖုံးကွယ်လှည့်ပတ်ခြင်း (မာယာ)မရှိသူ။
(၈) ဓမ္မာနံ နိသာမကဇာတိကော = လောကုတ္တရာတရားတို့ကို ရှုမှတ်ဆင်ခြင်သိမြင်မှုရှိသူ။
(၉) ပဋိသလ္လီနော = ကမ္မဋ္ဌာန်းဖြင့် တစ်ပါးတည်းကိန်းအောင်းသူ။
(၁၀) သဗြဟ္မစာရီနံ ပဋိသန္ထာရကော = သီတင်းသုံးဖော်တို့ကို အာမိသ၊ ဓမ္မနှစ်ဌာနဖြင့်ချီးမြှောက်တတ်သူ။

ဤသို့သဘောရှိသော ရဟန်းမှာ "ငါ့ကို သီတင်းသုံးဖော်တို့က အရိုအသေပြုကြ၊ အလေးဂရုပြုကြ၊ မြတ်နိုးကြ၊ ပူဇော်ကြမူ ကောင်းလေစွ"ဟု မလိုလားမတောင့်တပါသော်လည်း"ပညာရှိ သီတင်းသုံးဖော်တို့က ထိုရဟန်းမှာ အဓိကရဏ်းကိုပြုမှု၊ သိက္ခာသုံးပါးကို မလိုလားမှုစသော ယုတ်မာသော အကုသိုလ်တရားတို့ကို ပယ်ရှားနိုင်မှန်း သိမြင်နေကြသောကြောင့် ထိုရဟန်းကို သီတင်းသုံးဖော်တို့က အရိုအသေပြုကြ၊ အလေးဂရုပြုကြ၊ မြတ်နိုးကြ၊ ပူဇော်ကြသည်သာဖြစ်၏"ဟု ဆိုလိုပါသည်ဘုရား။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား–

ဘုရားတပည့်တော်တို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ ပါဝင်ကြသော ဆရာတော်အရှင်မြတ်တို့သည် ဤနပ္ပိယသုတ်တော်၌ ဗုဒ္ဓရှင်တော်မြတ်ဟောကြားတော်မူအပ်သော သီတင်းသုံးဖော်တို့ မချစ်ခင်အပ်၊မလေးစားအပ်၊ မချီးမွမ်းအပ်သူဖြစ်ကြောင်းတရားဆယ်ပါးတို့ကို ပယ်ရှားနိုင်သမျှ ပယ်ရှားတော်မူကြ၍ သီတင်းသုံးဖော်တို့ ချစ်ခင်အပ်၊ လေးစားအပ်၊ ချီးမွမ်းအပ်သူဖြစ်ကြောင်း တရားဆယ်ပါးတို့နှင့် ပြည့်စုံနိုင်သမျှပြည့်စုံအောင် ကျင့်သုံးတော်မူကြလျက် တပည့်တော်တို့ မျှော်မှန်းထားသည့် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိစ္စများ ထမြောက်အောင်မြင်အောင် ထက်သန်သော ဝီရိယာဓိပတိဖြင့် အားသစ်ကြိုးပမ်းတော်မူကြပါဘုရား။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား–

ဆရာတော်ဘုရားများ၏ အခွင့်အရေးအချို့ကို ထည့်သွင်းလျှောက်ထားပါရစေဘုရား။ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများပြင်ဆင်ဖြည့်စွက်ချက် အခန်း (၁၆) အပိုဒ်(၁၀၈) အပိုဒ်ခွဲ(၄)၌–

"ဓမ္မဝိနယဆိုင်ရာ အမိန့်ပြန်တမ်းများ အခါအားလျော်စွာ ထုတ်ပြန်နိုင်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို ညွှန်ပြနိုင်သည်"ဟု ပြဋ္ဌာန်းထားပါသည်။

ယင်းပြဋ္ဌာန်းချက်အရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် သာသနာတော်အတွက် လိုအပ်ခဲ့ပါလျှင် ဓမ္မဝိနယဆိုင်ရာ အမိန့်ပြန်တမ်းများ အခါအားလျော်စွာ ထုတ်ပြန်နိုင်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို ညွှန်ပြနိုင်ပါကြောင်း လျှောက်ထားပါသည်ဘုရား။

ထို့ပြင် ယင်းလုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက် အခန်း(၂၃) အပိုဒ်(၁၈၉)၌"သံဃာ့ဝန်ဆောင် အစည်းအဝေး၌ ဆွေးနွေးလိုသော ဆရာတော်သည် မိမိဆွေးနွေးလိုသော အကြောင်းအရာကို သက်ဆိုင်ရာ သံဃနာယကအဖွဲ့ထံသို့ တစ်လ ကြိုတင်ပေးပို့၍ ဆွေးနွေးခွင့်တောင်းနိုင်သည်" ဟုလည်းကောင်း၊ အပိုဒ်(၁၉၉)၌ "သံဃာ့ဝန်ဆောင်/သံဃနာယကတစ်ပါးပါးသည် သံဃာအများ၏ကိုယ်စား သာသနာတော်နှင့်စပ်လျဉ်းသည့်ကိစ္စများကို သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ ခွင့်ပြုချက်ဖြင့် အစည်းအဝေးတွင် တင်ပြလျှောက်ထားနိုင်သည်။

ယင်းဆရာတော်၏ တင်ပြချက်ကို အစည်းအဝေးကကြားနာခြင်း၊ ဝေဖန်ဆွေးနွေးခြင်းများကို ပြုလုပ်နိုင်သည်"ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

ယင်းပြဋ္ဌာန်းချက်များအရ ဆရာတော်အရှင်မြတ်တို့သည် သာသနာတော်နှင့် စပ်လျဉ်းသည့်ကိစ္စများကို သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် တင်ပြခွင့်ရှိပါသည်။ ဤအခွင့်အရေးသည် အစည်းအဝေးတက်ရောက်ကြသည့် ဝန်ဆောင်/နာယကအားလုံး၏ အခွင့်အရေးဖြစ်ပါသည်။

မိမိတို့၏ ဤအခွင့်အရေးကိုမသိကြသည့် ဆရာတော်အချို့က "အစည်းအဝေး တက်ရောက်သော်လည်း ဘာမျှပြောဆိုခွင့်မရှိပါ။ ဖတ်ပြတာကို နားထောင်၊ သာဓုခေါ်ပြီး ပြန်ရတာပါ"ဟု ပြောဆိုသည်ကိုလည်း တွေ့ကြုံရဖူးပါသည်။ဤလုပ်ထုံးအပိုဒ်(၁၈၉)၊(၁၉၉)တို့အရ ဆရာတော်များသည် အစည်းအဝေး များ၌ သာသနာတော်နှင့် စပ်လျဉ်းသည့် ကိစ္စများကို တင်ပြဆွေးနွေးအကြံဉာဏ်များပေးတော်မူကြရန်ကိုလည်း လျှောက်ထားပါသည်ဘုရား။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား–

ဘုရားတပည့်တော်တို့သည် အစပိုင်းက ဘုရားတပည့်တော် လျှောက်ထားခဲ့ပြီးသော သံဃာ့အဖွဲ့အစည်းဖွဲ့စည်းရခြင်း၏အကြောင်းရင်းနှင့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်သောအနေဖြင့် သာသနာတော် သန့်ရှင်း၊တည်တံ့၊ ပြန့်ပွားရေးဟူသော ဦးတည်ချက်သုံးရပ်ကို အဓိကထားလျက် သာသနာ့ကိစ္စဟူသမျှတို့ကို သာသနာရေးရာ၊ ပညာရေးရာ၊ ဝိနိစ္ဆယရေးရာဟူ၍ ကဏ္ဍသုံးရပ်ခွဲကာ ဆောင်ရွက်နေခြင်းသည် မိမိတို့၏ အကျိုးစီးပွား ဖြစ်ထွန်းရုံမျှမဟုတ်ဘဲ တစ်လောကလုံးရှိ လူ၊ နတ်၊ဗြဟ္မာသတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာ ဖြစ်ကြောင်းကို ဗုဒ္ဓရှင်တော်မြတ်က သုဂတဝိနယသုတ်၌–

သုဂတော ဝါ လောကေ တိဋ္ဌမာနော သုဂတဝိနယော ဝါ တဒဿ ဗဟုဇန ဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာ နံ = "ရဟန်းတို့၊ မြတ်စွာဘုရားဖြစ်စေ၊ မြတ်စွာဘုရား၏ အဆုံးအမတရားတော်(သာသနာတော်) ဖြစ်စေ လောက၌ တည်ရှိနေလတ်သော် ထိုတည်ရှိနေခြင်းသည် များစွာသော သတ္တဝါအပေါင်း၏ အစီးအပွား ချမ်းသာများခြင်းငှာ၊ သတ္တဝါအပေါင်းကို ငဲ့ညှာထောက်ထားသနားခြင်းငှာ၊လူ၊နတ် တို့၏ အကျိုးစီးပွား ချမ်းသာများခြင်းငှာဖြစ်၏"ဟု ဟောတော်မူခဲ့ပါသည်။ (အံ၊ ၁၊ ၄၆၄)

ထို့ကြောင့် "ငါတို့၏ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဦးတည်ချက်ဖြင့် သာသနာပြုလုပ်ငန်းအဝဝတို့ကို ဆောင်ရွက်နေကြခြင်းသည် ငါတို့ အကျိုးစီးပွားအတွက်သာမက တစ်လောကလုံးရှိလူ၊နတ်၊ ဗြဟ္မာ သတ္တဝါအားလုံး၏ အကျိုးစီးပွားချမ်းသာများရန်အတွက်ဆောင်ရွက်နေကြခြင်းဖြစ်ပေသည်။"ဟု မိမိတို့ သာသနာပြုလုပ်ငန်း၏ အလွန်မွန်မြတ်ပုံကို ဆင်ခြင်စဉ်းစားပီတိပွားကာ သောမနဿဟဂုတ် ဉာဏသမ္ပယုတ် မဟာကုသိုလ်စိတ္တုပ္ပာဒ်ဖြင့် သံဃာ့အဖွဲ့အစည်း ဖွဲ့စည်းခြင်း၏အကြောင်းအရင်းနှင့် ရည်ရွယ်ချက်များ ထမြောက်အောင်မြင်အောင် ဆတက်ထမ်းပိုးတိုး၍တိုး၍ အားကြိုးမာန်တက် ဆောင်ရွက်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းပါသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အရှင်မြတ်တို့ဘုရား။ ။

ဒုသမ္မတကြီး ဒေါက်တာအေပီဂျေအဗ္ဗဒူလ်ကလမ်ခေါင်းဆောင်သော ချစ်ကြည်ရေးအဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကြည်ညို၊ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပေး ဒဂုံ အထက(၁)နှင့် မြန်မာအင်ဖိုတက်တို့ကို ကြည့်ရှုလေ့လာကာ ဇဖားရ်ရှားဂူပိမာန်ကို ဂါရဝပြု

ရန်ကုန် မတ် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေပီဂျေအဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကြည်ညိုကြ၍ ပြည်သူ့ဥယျာဉ်၌ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပေးပြီး ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် မြန်မာအင်ဖိုတက်အဆောက်အအုံတို့ကို ကြည့်ရှုလေ့လာကာ ဇဖားရ်ရှားဂူပိမာန်ကို ဂါရဝပြုကြသည်။

ကြိုဆို

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Bhaskar Kumar Mitra နှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိလာကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေပီဂျေအဗ္ဗဒူလ်ကလမ်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အေပီဂျေအဗ္ဗဒူလ်ကလမ်က ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် အလှူငွေများကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေပီဂျေအဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်၍ ရွှေတိဂုံစေတီတော်ရင်ပြင်တော်ရှိ ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်၊ ရွှေတိဂုံစေတီတော် ဂေါပက၏ အရောင်းဆိုင်၊ သာယာဝတီမင်း ခေါင်းလောင်းတော်တို့ကို လှည့်လည်ကြည်ညိုလေ့လာကြပြီး ဘုရားဖူးပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး အလည် အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ် ကလမ် ချစ် ကြည် ရေး အထိမ်းအမှတ် အဖြစ် ပြည်သူ့ဥယျာဉ်၌ ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး ရေသွန်းလောင်းပေးစဉ်။ (သတင်းစဉ်)

ပြည်သူ့ဥယျာဉ်

ထိုမှတစ်ဆင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေပီဂျေအဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီခွဲတွင် ပြည်သူ့ဥယျာဉ်သို့ ရောက်ရှိလာကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေပီဂျေအဗ္ဗဒူလ်ကလမ်က ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး မြေဆီဩဇာထည့်သွင်းကာ ရေသွန်းလောင်းပေးသည်။

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေပီဂျေအဗ္ဗဒူလ်ကလမ် မြန်မာအင်ဖိုတက်အဆောက်အအုံရှိ မြန်မာနိုင်ငံ ကွန်ပျူတာအဖွဲ့ချုပ်က ဖွင့်လှစ်ထားသည့် e.Learning Centre နှင့် Software ထုတ်လုပ်သည့် ကုမ္ပဏီများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေပီဂျေအဗ္ဗဒူလ်ကလမ်နှင့် အဖွဲ့ဝင်များက ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူလေးများအား ပညာသင်ယူမှုနှင့်စပ်လျဉ်း၍ ဩဝါဒစကားပြောကြားပြီး ကျောင်းသား ကျောင်းသူလေးများ၏ သိရှိလိုသော ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေပီဂျေအဗ္ဗဒူလ်ကလမ် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားလေးများ ကွန်ပျူတာလေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ အခြေခံပညာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ထို့အပြင် ကျောင်းသား ကျောင်းသူလေးများကလည်း နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးအား ကြိုဆိုနှုတ်ဆက်ကြသည်။

ဒဂုံ အထက(၁)

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေပီဂျေအဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိလာကြရာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊

ကြည့်ရှုအားပေး

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းရှိ Computer Lab ခန်းမ၌ သတ္တမတန်းနှင့် အဋ္ဌမတန်း ကျောင်းသား ကျောင်းသူလေးများ၏ ICT

အဖွဲ့ဝင်များအား ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် ဧည့်ခံတန်ဆောင်း၌ ရွှေတိဂုံ စေတီတော်မြတ်ကြီး၏ အလှည့်ကျဂေါပကအဖွဲ့ဝင် ဦးဘရွှေက ရွှေတိဂုံစေတီတော်မြတ်ကြီး အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက်ဧည့်သည်တော်အိန္ဒိယ သမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ

(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

Based Lesson သင်ကြားနေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် Multi-Media Teaching Lab ၌ ပဉ္စမတန်းနှင့်ဆဋ္ဌမတန်း ကျောင်းသား ကျောင်းသူလေးများ၏ Application Software ပြုလုပ်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒဂုံ သီရိခန်းမ၌ ကျောင်းသား ကျောင်းသူလေးများ၏ သံစုံတီးဝိုင်းက အိန္ဒိယ တေးသီချင်းဖြင့် တီးမှုတ်ဖျော်ဖြေကြသည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးသည် သံစုံတီးဝိုင်းအဖွဲ့မှ ကျောင်းသား ကျောင်းသူလေးများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အဋ္ဌမတန်းကျောင်းသူ မစိုးကေသရီက ကျောင်း၏သမိုင်းကြောင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးက ကျောင်းသား ကျောင်းသူလေးများအား ပညာသင်ယူမှုနှင့်စပ်လျဉ်း၍ ဩဝါဒ စကားပြောကြားပြီး ကျောင်းသား ကျောင်းသူလေးများ၏ သိရှိလိုသော ဆွေးနွေးမေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဖြေကြားသည်။

မှတ်တမ်းတင်လက်မှတ်ရေးထိုး

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးက ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းအတွက် The Photo of Milky Way ဓာတ်ပုံ၊ ကွန်ပျူတာ ၁၀ လုံးနှင့် ကွန်ပျူတာနှင့် သက်ဆိုင်သည့် စာအုပ်စာတမ်းများကို ကျောင်းအုပ်ကြီး ဦးကျော်ကျော်ထံ ပေးအပ်လှူဒါန်းပြီး ကျောင်း ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ထို့နောက် အဋ္ဌမတန်းကျောင်းသား မောင်ဝင်းမင်းသူက ကိုယ်တိုင်ရေးဆွဲထားသည့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး၏ ပုံတူပန်းချီကားကို အမှတ်တရလက်ဆောင်အဖြစ် ဂါရဝပြု ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးသည် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရည်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ–အင်ဖိုတက် အဆောက်အအုံသို့ ရောက်ရှိလာကြရာ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြန်မာ–အင်ဖိုတက် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဦးနှင့် ဒါရိုက်တာအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဗီဒီယိုဖြင့်ရှင်းလင်း

ရှေးဦးစွာ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံ၏ ICTတိုးတက်မှုအခြေအနေနှင့် မြန်မာ–အင်ဖိုတက်၏ ဆောင်ရွက်ချက်များကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးက အိန္ဒိယနိုင်ငံတစ်ဝန်းလုံးတွင် အင်တာနက်အသုံးပြုမှု၊ အိမ်နီးချင်းနိုင်ငံများ၏ ICTဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ဗီဒီယိုဖြင့်ရှင်းလင်း၍ အမြင်ချင်းဖလှယ်ကြသည်။ ထို့နောက် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မြန်မာ–အင်ဖိုတက်နှင့်စပ်လျဉ်း၍ သိလိုသည်များကို ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တာဝန်ရှိသူများက ပြန်လည် ဖြေကြားကြသည်။

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးအား ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က မြန်မာ–အင်ဖိုတက်အဆောက်အအုံ ကျောက်စီပန်းချီကားချပ်ကို အမှတ်တရလက်ဆောင်အဖြစ်ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော်အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာ–အင်ဖိုတက် အဆောက်အအုံပုံစံငယ်ကို ကြည့်ရှုလေ့လာကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးက ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာ–အင်ဖိုတက်အဆောက်အအုံရှိ မြန်မာနိုင်ငံ ကွန်ပျူတာအဖွဲ့ချုပ်က ဖွင့်လှစ်ထားသည့် e-Learning Centre နှင့် Software ထုတ်လုပ်သည့် ကုမ္ပဏီများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ညနေ၅ နာရီတွင် ဒဂုံမြို့နယ် ဓိဝကလမ်းရှိ ဇဖားရ်ရှားဂူဗိမာန်သို့ ရောက်ရှိကြရာ ဧည့်သည်တော် သမ္မတကြီးနှင့်အဖွဲ့အား ဇဖားရ်ရှားဂူဗိမာန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်အနောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်နှင့် ကော်မတီဝင်များက ကြိုဆိုကြသည်။

လှည့်လည်ဂါရဝပြု

ထို့နောက် ဧည့်သည်တော်အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇဖားရ်ရှားဂူဗိမာန်အတွင်းလှည့်လည် ဂါရဝပြုကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးက ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးက ဂူဗိမာန်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂူဗိမာန်ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဂူဗိမာန်ကြီးကြပ်ရေး ကော်မတီဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ပြန်လည် ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ် ဒဂုံမြို့နယ် ဓိဝကလမ်းရှိ ဇဖားရ်ရှားဂူဗိမာန်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်က မြန်မာအင်ဖိုတက်နှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းဆွေးနွေးစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ၎င်းတို့၏ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့်ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံသမ္မတကြီးနှင့်အတူ အိန္ဒိယသမ္မတနိုင်ငံမှ အဆင့်မြင့်အစိုးရအရာရှိကြီးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်တီးဝိုင်းက အိန္ဒိယသမ္မတနိုင်ငံ အမျိုးသားသီချင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

သီဆိုဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်ကာ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှုပဒေသာကပွဲဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ယဉ်ကျေးမှုပဒေသာကပွဲအပြီးတွင် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်သည် ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။ **(သတင်းစဉ်)**

ကြက်ဆူပင်၊ ငရုတ်ကောင်းနှင့် စားသုံးသီးပင်များ စိုက်ပျိုးထားမှု ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၉

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၌ ရောက်ရှိနေသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်သည် ယမန်နေ့တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်၊ ဝန်ထမ်းရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဖံလှ၊ ပါမောက္ခချုပ် ဦးဇော်မင်းသိမ်းတို့နှင့်အတူ ဖွံ့ဖြိုးရေးတက္ကသိုလ်အတွင်း ခြံစည်းရိုး ကြက်ဆူပင်၊ ငရုတ်ကောင်းပင်နှင့် အခြားစားသုံးသီးပင်များ စိုက်ပျိုးထားရှိမှုနှင့် တက္ကသိုလ်အားကစားခန်းမ တည်ဆောက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပရိယတ္တိသာသနာနုဂ္ဂဟာဆန်လှူအသင်း ဆွမ်းဆန်တော်အလှူ ရေစက်ချပွဲကျင်းပမည်

ရန်ကုန် မတ် ၉

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟာ ဆန်လှူအသင်းကြီး၏ (၂၂၇)ကြိမ်မြောက် ဆွမ်းဆန်တော်အလှူရေစက်ချပွဲကို မတ်၁၃ ရက် မွန်းလွဲ၁ နာရီတွင် ကျောင်းတိုက်ပေါင်း ၁၈၃တိုက်ရှိ သံဃာတော်ပေါင်း ၁၉၄၀၆ ပါးအတွက် ဆန်တင်းပေါင်း ၄၈၀၀ကို ရွှေတိဂုံစေတီတော်ရင်ပြင် အနောက်ဘက်မုခ် ဦးမောင်ကလေး–ဒေါ်ကြုတ်တန်ဆောင်း၌ လှူဒါန်းရေစက်ချပွဲ ကျင်းပသွားမည်ဖြစ်သည်။ ကြည့်မြင်တိုင်မြို့နယ်ရှိ အသင်းတိုက်ကြီးတွင်လည်းအကြိုရေစက်ချပွဲအဖြစ် မတ်၁၀ ရက်၌ ဓမ္မကထိက ဆရာတော် ဦးပညာသီဟ၊ ၁၁ ရက်၌ အဂ္ဂမဟာပဏ္ဍိတ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ၁၂ ရက်၌ ဓမ္မာစရိယ ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တဇာဂရတို့က သုံးရက်တိုင်တိုင် အသင်းတိုက်ကြီး၏ရှေ့၌ တရားပွဲများ ကျင်းပသွားမည်ဖြစ်၍ တရားတော်များ နာယူရန် ကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန်

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း အစိုးရဌာနဆိုင်ရာပိုင် မော်တော်ဆိုင်ကယ်များကိုသာ လုပ်ငန်းလိုအပ်ချက်အရ စီးနင်းခွင့်ပြုခဲ့ပြီး ဌာနဆိုင်ရာမော်တော်ဆိုင်ကယ်များတွင်လည်း ဌာနတံဆိပ်များ ကပ်ထားရပါမည်။ ဆိုင်ကယ်စီးနင်းသူများအနေဖြင့် မော်တော်ဆိုင်ကယ်စီးဦးထုပ် ဆောင်းလျက် မေးသိုင်းကြိုးကို သေချာစွာတပ်ဆင်ချည်နှောင်စီးနင်းကြရန်နှင့် ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ စီးနင်းခြင်း၊ နှစ်ယောက်နှင့်အထက်တင်ဆောင်စီးနင်းခြင်းများကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ နယ်ကျော်စီးနင်းသည့် မော်တော်ဆိုင်ကယ်များအား စစ်ဆေးတွေ့ရှိပါက အဆိုပါ မော်တော်ဆိုင်ကယ်များအား နိုင်ငံပိုင်အဖြစ် သိမ်းဆည်းပြီး စီးနင်းသူကိုလည်း ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ထိန်းသိမ်းစောင့်ရှောက်ကြပါ မြန်မာ့ယဉ်ကျေးမှုအနုပညာ

နှံ့နှံ့ကြည်
(သတင်းစဉ်)

ရန်ကုန် ပန်တျာကျောင်းနှင့် ပန်းချီ၊ ပန်းပုကျောင်းများကို ၁၉၅၂ခုနှစ်တွင် လည်းကောင်း၊ မန္တလေး ပန်တျာကျောင်းနှင့် ပန်းချီ၊ ပန်းပုကျောင်းကို ၁၉၅၃ ခုနှစ်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့သည်။

ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာန သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲ ပန်တျာကျောင်းနှင့် ပန်းချီ၊ ပန်းပုကျောင်းများသည် မြန်မာ့ရိုးရာ သုခုမ အနုပညာရပ်များ တိုးတက်ပြန့်ပွားလာစေရန်နှင့် ယဉ်ကျေးမှု အမွေ အနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန် ဟူသော ရည်ရွယ်ချက်များဖြင့် အဆိုပါကျောင်းများကို ဖွင့်လှစ်ထားရှိပြီး နှစ်စဉ် မျိုးဆက်သစ် အနုပညာရှင်များကို မွေးထုတ်ပေးလျက်ရှိသည်။

၎င်းကျောင်းများမှ နိုင်ငံကျော် အနုပညာရှင်များ များစွာ ပေါ်ထွက်ခဲ့သည်။ မြန်မာ့သုခုမ အနုပညာနှင့် ပန်းချီ၊ ပန်းပုပညာရပ်များ လက်ဆင့်ကမ်း အမွေအဖြစ် ဆက်လက်ဖြန့်ဝေရန် နှစ်စဉ် ကျောင်းသားသစ်များ ခေါ်ယူသင်ကြားပေးလျက်ရှိသည်။

ပန်တျာကျောင်းများတွင် အမျိုးသား၊ အမျိုးသမီး အကသင်တန်း၊ စောင်းသင်တန်း၊ စန္ဒရားသင်တန်း၊ ပတ္တလားသင်တန်း၊ တယောသင်တန်း၊ ဆိုင်းသင်တန်း၊ နဲ့သင်တန်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးကြသည်။ ပန်းချီ၊ ပန်းပုကျောင်းများတွင် အခြေခံပန်းချီ၊ ရသပန်းချီ(အနုစိတ်ပန်းချီ)၊ စီးပွားရေးပန်းချီ(လုပ်ငန်းသုံးပန်းချီ)၊ မြန်မာ့ရိုးရာပန်းချီ၊ အခြေခံပန်းပုပညာရပ်များ၊ လူနှင့်တိရစ္ဆာန်ရုပ်လုံးရုပ်တုနှင့် မြန်မာ့ရိုးရာ ပန်းကနုတ်စသည့် ပညာရပ်များကို သင်ကြားပို့ချပေးကြသည်။

ထိုသင်တန်းကျောင်းများ၌ အလယ်တန်းပညာအဆင့် အဋ္ဌမတန်းအောင်မြင်ပြီး အသက် ၁၄နှစ်ပြည့်နှင့် ၂၀ အတွင်းရှိသည့် လူငယ်မျိုးဆက်သစ် ဝါသနာရှင်များ တက်ရောက် နိုင်ကြသည်။ နယ်မှကျောင်းတက်သူများအတွက်ပါ စီစဉ်ပေးသည်။ သင်တန်းကာလ သုံးနှစ်အတွင်း သုခုမအနုပညာနှင့် ပန်းချီ၊ ပန်းပုပညာတို့ကို အခြေခံမှစ၍ ပိုင်ပိုင်နိုင်နိုင် သင်ကြားခွင့်ရရှိကြသည့်အတွက် သင်တန်းဆင်းပြီးပါက မိမိဌာနတွင်ပင် အလုပ်အကိုင်များ ပြန်လည်ရရှိနိုင်သည်။ သင်တန်းဆင်းပွဲ၌ သင်တန်းဆင်း လက်မှတ်နှင့်အတူ ခန့်အပ်လွှာပါ တစ်ပါတည်း ချီးမြှင့်သည်။ ပြင်ပတွင်လည်း မိမိဘာသာ အသက်မွေးဝမ်းကျောင်းမှု ပြုနိုင်သည်။ အထက်တန်းပညာများ ဆက်လက် ဆည်းပူးနိုင်၍ အောင်မြင်ပြီးပါကလည်း ယဉ်ကျေးမှုတက္ကသိုလ်တွင် ဆက်လက် ပညာဆည်းပူးခွင့် ပြုထားပါသည်။ သင်တန်းဝင်ခွင့် လျှောက်လွှာများကို နှစ်စဉ် မေလ၃၁ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပြီး အနုပညာဦးစီးဌာန (ရန်ကုန်)၊ (မန္တလေး)တို့နှင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများတွင် စုံစမ်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ အနယ်နယ် အရပ်ရပ်မှ ဝါသနာရှင် ရွက်ပုန်းသီး မျိုးဆက်သစ် အနုပညာရှင်များအတွက် အခွင့်အရေးကောင်းပင် ဖြစ်ပေသည်။

မတ် ၁ ရက်က ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပသည့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲ ပန်တျာကျောင်း (ရန်ကုန်)နှင့် ပန်းချီ၊ပန်းပုကျောင်း(ရန်ကုန်)တို့၏ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းဆင်း ကျောင်းသူများ အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။

ဓာတ်ပုံ–သောင်းမြင့် (သတင်းစဉ်)

မတ် ၁ ရက်က ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပသည့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲ ပန်တျာကျောင်း (ရန်ကုန်)နှင့် ပန်းချီ၊ပန်းပုကျောင်း(ရန်ကုန်)တို့၏ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများ၏ လက်ရာမွန် ပန်းချီပန်းပု ရုပ်ပုံကားချပ်များ။

ဓာတ်ပုံ–သောင်းမြင့် (သတင်းစဉ်)

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် ကိုယ်ပိုင်ယဉ်ကျေးမှုများ ရှိကြသည်။ မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုကို တလေးတစား တန်ဖိုးထားကြသည်။ ကာလကြာရှည်စွာ ထိန်းသိမ်းကြသည်။ နောင်လာနောက်သား မျိုးဆက်သစ်တို့အတွက် လက်ဆင့်ကမ်းအမွေပေးကြသည်။

ယဉ်ကျေးမှုဟူသော ဝေါဟာရနှင့်စပ်လျဉ်း၍ ပညာရှင်အသီးသီးက အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြသည်။ ခြုံငုံစုစည်းလိုက်သော် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဆိုသည်မှာ ယင်းလူမျိုးတို့၏ မွေးဖွားချိန်မှ သေဆုံးချိန်အထိ သုံးစွဲခဲ့သော အသုံးအဆောင်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ဘာသာစကား၊ အသက်မွေးဝမ်းကျောင်းမှု၊ လူမှုဆက်ဆံရေးစနစ်၊ ကိုးကွယ်ယုံကြည်မှု၊ ရိုးရာဓလေ့ထုံးစံ၊ ဓလေ့စရိုက်၊ လက်မှုအနုပညာနှင့် သုခုမအနုပညာတို့ ပေါင်းစပ်ဖွဲ့စည်းပါဝင်ထားခြင်း ဖြစ်သည်ဟု လေ့လာသိရှိရသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကပင် တိုင်းရင်းသားမျိုးနွယ်များ စုပေါင်းနေထိုင်လျက်ရှိပြီး ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များ၊ သုခုမအနုပညာရပ်များနှင့် ပြည့်စုံထုံမွမ်းနေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ကိုကမ္ဘာကပင် တလေးတစား လာရောက်ကြည့်ရှုလေ့လာခံစားလျက်ရှိပါသည်။

ယဉ်ကျေးမှုသည် နိုင်ငံနှင့်လူမျိုး၏ မျက်နှာစာဖြစ်သည်။ ယနေ့ကမ္ဘာပေါ်တွင် ဂလိုဘယ်လိုက်ဇေးရှင်း(ခေါ်) တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်မှုကြောင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ လွယ်ကူစွာ ကူးလူးဆက်သွယ် နေသည်နှင့်အမျှ ယဉ်ကျေးမှုများသည်လည်း ရောနှောပေါင်းစပ် ထွေးရောယှက်တင် ဝင်ရောက်နိုင်သည့် အနေအထားတွင် ရှိနေသည်။ ယဉ်ကျေးမှု ခေတ်ရေစီးကြောင်းသည် အရှိန်အဟုန်ဖြင့် လျင်မြန်စွာ ပြောင်းလဲစီးဆင်းလျက် ရှိနေပေသည်။ **မြန်မာနိုင်ငံသည် မိမိတို့၏ ယဉ်ကျေးမှုအနုပညာရပ်များကို ခေတ်ရေစီးကြောင်းသို့ မျောပါမသွားအောင် ထိန်းသိမ်းထားနိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။**

နိုင်ငံတော်က ချမှတ်ထားသည့် လူမှုရေးဦးတည်ချက်လေးရပ်တွင်ပါဝင်သော **"အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေး ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး"** ဟူသော ဦးတည်ချက်ကို နိုင်ငံသားတိုင်းက လိုက်နာစေရန် ယဉ်ကျေးမှုဝန်ကြီးဌာနက တစိုက်မတ်မတ် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယင်းဆောင်ရွက်ချက်များတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ဝါသနာရှင် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းရေးအတွက် သင်ကြားပြုစုပျိုးထောင်ပေးနေခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ **မျိုးဆက်သစ် အနုပညာရှင်များကလည်း မြန်မာ့ယဉ်ကျေးမှု အနုပညာကို အစဉ်ထာဝရ ထိန်းသိမ်းစောင့်ရှောက်ပြီး ကမ္ဘာအနှံ့ပျံ့နှံ့စေရန် ကြိုးပမ်းလျက်ရှိသည်ကို တွေ့မြင်ရသဖြင့် ချီးကျူးမှတ်တမ်းတင်** ဂုဏ်ယူဖွယ်ရာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံသည် မိမိတို့၏ ယဉ်ကျေးမှုအနုပညာရပ်များကို ခေတ်ရေစီးကြောင်းသို့ မျောပါမသွားအောင် ထိန်းသိမ်းထားနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်။

မျိုးဆက်သစ် အနုပညာရှင်များကလည်း မြန်မာ့ယဉ်ကျေးမှုအနုပညာကို အစဉ်ထာဝရ ထိန်းသိမ်းစောင့်ရှောက်ပြီး ကမ္ဘာအနှံ့ပျံ့နှံ့စေရန် ကြိုးပမ်းလျက်ရှိသည်ကို တွေ့မြင်ရသဖြင့် ချီးကျူးမှတ်တမ်းတင်။

ပဲခူးတိုင်း(အနောက်ပိုင်း)မိခင်/ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ခရိုင်အတွင်းရှိ အသင်းအလုပ်အမှုဆောင်များနှင့်ညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၉

ပဲခူးတိုင်း(အနောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ပြည်ခရိုင်အတွင်းရှိ မြို့နယ်များနှင့်တပ်မ၊ တပ်ရင်းတပ်ဖွဲ့များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ်၆ရက် နံနက်၉နာရီက ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း (အနောက်ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်မော် **(ယာပုံ)**က အဖွင့်အမှာစကား ပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဒေါ်ဥမ္မာက လေးလပတ်အစီရင်ခံစာဇယား ၁၇ခု ဖြည့်စွက်ပုံနှင့် ပတ်သက်၍ လည်းကောင်း၊ အဖွဲ့အတွင်းရေးမှူး ဒေါက်တာ အေးငြိမ်းက ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လည်းကောင်း၊ အနာကြီးရောဂါ တိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာ ခင်မောင်လေးက ၂၀၀၆ခုနှစ် အနာကြီးရောဂါ ကင်းဝေးရေး လှုပ်ရှားမှု ရက်သတ္တပတ်နှင့် ပတ်သက်၍ လည်းကောင်း အသီးသီး ရှင်းလင်းပြော ကြားကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြရာ ဆွေးနွေး တင်ပြချက်များအပေါ် တာဝန်ရှိသူများက အသီးသီး ဖြည့်စွက်ရှင်းလင်းကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ သာသနာရေးဆိုင်ရာလျှောက်ထား

ရန်ကုန် မတ် ၉

ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ စတင်ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

တက်ရောက်ကြည်ညို

ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)ဒေါက်တာ မြင့်ကြည်၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးနှင့် ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင်သာသာနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပဌမအကြိမ် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ပထမနေ့၏ သြဝါဒါစရိယ ဆရာတော်ကြီးများအဖြစ် နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယ၊ ကရင်ပြည်နယ် ဘားအံမြို့ အရိယဝံသကျောင်းတိုက် ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာသာမိ၊ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘန၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဝန်းသိုစာသင်တိုက်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလဝံသနှင့်မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလတို့အား အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များက တင်မြှောက်တော်မူကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋက ကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးဖွင့်လှစ်

အစီအစဉ်အရ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားကာ အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက "သာသနဿစလောကဿ၊ ဝုဍ္ဎိဘာဝ တု သဗ္ဗဒါ"၊"သာသနမ္ဘိစ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ" ဂါထာကို တညီတညွတ်တည်း သုံးကြိမ်ရွတ်ဆိုလျက် အစည်းအဝေးကို ဖွင့်လှစ်တော်မူကြသည်။

ကျင်းပသွားမည်

ထို့နောက် အခမ်းအနားမှူးဆရာတော်က ပဌမအကြိမ် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကျင်းပမည့် ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက် (၂၀၀၆ခုနှစ် မတ် ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ရက်များအတွက် အစည်းအဝေး အစီအစဉ်ကို လျှောက်ထားကာ အစည်းအဝေး၏ အတည်ပြုချက်ကို ရယူတော်မူပြီး ယနေ့ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း လျှောက်ထားတော်မူသည်။

ဖတ်ကြားတော်မူ

ဆက်လက်၍ ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး သြဝါဒါစရိယ ဆရာတော်ကြီးများ၏ သြဝါဒကထာကို နာယူတော်မူကြရန်အတွက် နိုင်ငံတော်သြဝါဒါစရိယဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယ၏ သြဝါဒကထာကို နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက် သူဌေးတန်းကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသီရိဘိဝံသက လည်းကောင်း၊ နိုင်ငံတော် သြဝါဒါစရိယဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တပညာသာမိ၏ သြဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ကရင်ပြည်နယ် ဘားအံမြို့ ခေမာရာမကျောင်း ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇာနေယျကလည်းကောင်း၊ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘန၏သြဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသကလည်းကောင်း၊ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလဝံသ၏ သြဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ကချင်ပြည်နယ် မိုးညှင်းမြို့ ဇေယျသုခဝါဆိုကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာကလည်းကောင်း၊ နိုင်ငံတော်သြဝါဒါစရိယဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ သုမင်္ဂလ၏ သြဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရက လည်းကောင်း ဖတ်ကြားတော်မူကြသည်။

ထို့နောက် အစည်းအဝေး သဘာပတိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာ ရာမတိုက်သစ် ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရက အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာကို ချီးမြှင့်တော်မူသည်။ **(သဘာပတိ ဆရာတော်၏ အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာကို သီးခြား ဖော်ပြထားပါသည်။)**

မှတ်တမ်းတင်တော်မူ

ဆက်လက်၍ ယခုနှစ် တစ်နှစ်တာ ကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ အတွက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များက "သဗ္ဗေသင်္ခါရာ အနိစ္စာ" အစရှိသော သုံးဂါထာကိုရွတ်ဆိုလျက် သံဝေဂဉာဏ် ပွားများတော်မူ၍ မှတ်တမ်းတင်တော်မူကြသည်။

ထို့နောက် အစားထိုး ရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက် အကျိုးတော်ဆောင် မန္တလေးတိုင်း တပ်ကုန်းမြို့ ရွာဦးစန္ဒာရုံ စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒသိရီက တင်သွင်း၍ အတည်ပြုချက်ရယူတော်မူသည်။

ခေတ္တရပ်နား

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် ရေဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမ ဈေးကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သြဘာသာဘိဝံသက တစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့၏ အစီရင်ခံစာ အကျဉ်းကို တင်သွင်း လျှောက်ထားတော်မူပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ရပ်နား

ယင်းနောက် တစ်နှစ်တာကာလအတွင်း (တတိယအဖွဲ့ခွဲ)က ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာကဏ္ဍကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များ ဖြစ်တော်မူကြသော မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ချမ်းသာကြီးတောင်တိုက် ရတနာဗိမာန်စာချကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကာဘိဝံသ၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ ဇေယျသိန်ပါဠိတက္ကသိုလ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသီရိနှင့် ရေဝတီတိုင်း ဖျာပုံမြို့နယ် ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လတို့ကလည်းကောင်း၊ သာသနာရေးရာကဏ္ဍကို ရေဝတီတိုင်း ဝါးခယ်မမြို့ ကျွန်းကုန်းဇေယျဝတီ အနောက်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသနှင့် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ငွေကြာရံ ပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရေဝတတို့ကလည်းကောင်း၊ ပညာရေးရာကဏ္ဍကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသနှင့် ရန်ကုန်တိုင်း ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဇောတိကတို့ကလည်းကောင်း ဖတ်ကြားတင်သွင်းတော်မူကြသည်။

ဆက်လက်၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များက တင်ပြလာသော အကြံဉာဏ်များကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်တော်မူကြသော မကွေးတိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဒွိပိဋကဓရ ဒွိပိဋက ကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသနှင့် မန္တလေးတိုင်း တပ်ကုန်းမြို့ ရွာဦးစန္ဒာရုံ စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒသိရီတို့က ပြန်လည် ရှင်းလင်းလျှောက်ထားတော်မူကြပြီး ပထမနေ့ အစည်းအဝေးအစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌ အစည်းအဝေး ဒုတိယနေ့ကို မတ် ၁၀ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား အလှူရှင်များက ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များကို ဆက်ကပ် လှူဒါန်းလျက် ရှိကြရာ (ဦးသိန်းမောင်) ဒေါ်ပါးပါးတို့အား ဦးထိပ်ထား၍ စန္ဒီပရ ဆေးမိသားစုက ယနေ့တွင် တစ်နေ့တာ ဆွမ်းအလှူကို လည်းကောင်း၊ စမ်းချောင်းမြို့နယ် အမှတ်(၇) ဆီဆုံလမ်းနေ မောင်ထိန်လင်း–မမြတ်မြတ်ထွန်းတို့က ယမန်နေ့တွင် တစ်နေ့တာ ဆွမ်းအလှူကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

အစည်းအဝေးကျင်းပ

ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌ အစည်းအဝေးကို ကျင်းပပြုလုပ်စဉ်။ (သတင်းစဉ်)

သာသနာရေးဆိုင်ရာများလျှောက်ထား

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌ အစည်းအဝေးတွင် သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်းတွင် အမှတ် ၁၅၉ အနောက်ရွှေဂုံတိုင်နေ ဦးကြည်လွင်–ဒေါ်စန်းစန်းကြည်(မအေး) သား သူရထွန်းတို့က အလှူငွေကျပ်သုံးသိန်းကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးအဖွဲ့ ငွေလှူဒါန်း

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးအဖွဲ့က ငွေလှူဒါန်းသော အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဧည့်ခန်းမ၌ကျင်းပရာ နိုင်ငံခြားရေး ဝန်ကြီးဌာန အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လက်ခံယူသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးအဖွဲ့မှ လှူဒါန်းသော ငွေကျပ်ငါးသိန်းကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (သတင်းစဉ်)

သဲအင်းဂူအဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း

ရန်ကုန် မတ် ၉

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလ သဲအင်းဂူ ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ရန်ကုန်တစ်မြို့လုံးဆိုင်ရာ ဩဝါဒါစရိယ ပဓာန ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ သီဟ(ပုသိမ်)အရှင်သူမြတ်က မတ် ၁၉ ရက် မှ ၂၆ ရက်အထိ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းဖွင့်လှစ်၍ သမထ ဝိပဿနာတရားတော်များ ချီးမြှင့် ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် မတ် ၁၈ ရက် (စနေနေ့) ညနေ ၅ နာရီအရောက် နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့်အတူ စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြတ်အသင်း ဂုဏပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၉

နိုင်ငံတော် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော မြတ်မြို့နယ်များမှ ဆရာတော်ကြီးရှစ်ပါးတို့အား မတ် ၁၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် (ယုဇနဂါးဒင်းဟိုတယ် အလံပြဘုရားလမ်း)၌ ဂုဏပူဇာသဘင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၀–၃–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈:၂၀ ၈။ အကပြိုင်ပွဲ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ English for Everyday Use

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၄)ခုနှစ်
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
- ၁၆:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၀၅ ၆။ မြန်မာစာမြန်မာစကား
- ၁၇:၁၅ ၇။ လက်ဆင့်ကမ်းအမွေ
- ၁၇:၂၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၁၇:၃၀ ၉။ (၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
- ၁၇:၄၀ ၁၀။ **"တန်ဖိုး"** ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း (ဒါရိုက်တာ–သက်တင်)
- ၁၇:၄၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၈:၀၀ ၁၂။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရောင်စဉ်မေတ္တာ"** (အပိုင်း–၁၂)
- ၁၉:၂၅ ၁၅။ **"တို့တစ်ရွာလုံးချမ်းသာပြီ"** ဆန်းထွဋ်၊ သူသူဟံသာ၊ အကယ်ဒမီဇော်ဦး၊ မိုးဒီ (ဒါရိုက်တာ–တင်အောင်ရွှေ) (သုတေသီ)
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းဆီအိပ်မက်"** (အပိုင်း–၁၄)

(၆၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၈၃)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၉

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၈၃)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

ကြည်အောင် (ကေတုမတီ)၊ မြင်းမူမောင်နိုင်မိုး၊ မင်းမောင်နွယ် (မွန်ဌာနီ)၊ ကျော်စွာသူ(သာယာဝတီ)၊ အေးမျိုးကြည်၊ တက္ကသိုလ်နွယ်သဇင်၊ အေးငြိမ်းချမ်း၊ ရဲဘော်မြသိန်း (ဟိုပုန်း)၊ ပွင့်မွှန်မွှန်သိမ်း၊ စောလွမ်းသိမ်း(ရသစာပေ)၊ ကိုစိုင်းထက်မြက်သိမ်း၊ အောင်ဆန်းသိန်း(ပခုက္ကူ)တို့၏ အဖွင့်ကဗျာများ၊ ဣန္ဒာဆွေ၊ စောမုံညင်း၊ မကြန်၊ ဒေါက်တာ မတင်ဝင်း၊ တက္ကသိုလ်တင်ခ၊ ချစ်နိုင်(စိတ်ပညာ)၊ မြင့်သိန်းအောင်၊ ပခုက္ကူဦးအုံးဖေ၊ မောင်ခက်ကျူ (စကု)၊ မင်းဗထူး၊ လှိုင်မြင့်ဦး၊ နီငြိမ်း(အညာတက္ကသိုလ်)၊ စစ်ကိုင်းစိမ်းစိမ်း၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၊ မောင်ဆန္ဒ(လယ်ဝေး)၊ ဒေါက်တာသန်းဝင်းတင်၊ တင်ဝင်း(မအူပင်)၊ စေတနာလှိုင်၊ တက္ကသိုလ်စိုးယဉ်၊ ကျော်ဇောဟိန်း၊ မိုးသစ်(ကချင်မြေ)တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊လယ်တွင်းသားစောချစ်၊ ပေါ်ဦးသစ်၊ မောင်မြင့်ကြွယ်၊ တင်ရီမ (ညောင်ဦး)၊ စစ်ရဲအိမ်၊ ကျော်မင်းညွှန့် (လှည်းကူး)တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ကာတွန်းများအပြင် ဗုဒ္ဓစာဉယျာဉ်၊ တောလေ့ စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ အမျိုးသမီးကဏ္ဍ၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပုံပြင်ကဏ္ဍ စုံလင်စွာ တင်ဆက်ထားသည်။ အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားစာအုပ်ဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာလိဂ်အဆင့်မြင့်တန်းဘောလုံးပြိုင်ပွဲ ပို့ဆောင်ရေးနှင့် မြို့တော်စည်ပင်တို့ အနိုင်ရရှိ

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅–၂၀၀၆ ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးအသင်းက ရထားပို့ဆောင်ရေးအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပထမတန်းသို့ မဆင်းရရေးအတွက် နောက်ဆုံးမျှော်လင့်ချက်အဖြစ် ကစားရသည်ဖြစ်ရာ ရထားပို့ဆောင်ရေးအသင်းက ရေကုန်ရေခန်းယှဉ်ပြိုင် ကစားသော်လည်း ပို့ဆောင်ရေးအသင်းကို ခြေစွမ်းအားဖြင့် မယှဉ်သာဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ပို့ဆောင်ရေးအသင်းအတွက် ပထမဂိုးနှင့် ဒုတိယဂိုးကို ပွဲချိန် မိနစ် ၅၀ နှင့် ၇၀ တွင် ညီညီအောင်ကလည်းကောင်း၊ တတိယဂိုးကို ပွဲချိန် ၇၃ မိနစ်တွင် နန္ဒာလင်းကျော်ချစ်ကလည်းကောင်း သွင်းယူပေးသည်။

ယနေ့ပွဲစဉ်များအပြီးတွင်နှစ်သင်းစလုံး ပွဲကုန်သွားပြီဖြစ်ရာ ပို့ဆောင်ရေးအသင်းက ၁၅ ပွဲကစား ရှစ်ပွဲနိုင်၊ ငါးပွဲသရေ၊ နှစ်ပွဲရှုံး ၂၉ မှတ်ဖြင့် စတုတ္ထရရှိသည်။ ရထားပို့ဆောင်ရေးအသင်းက ၁၅ ပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ ၁၁ ပွဲရှုံး ၁၀ မှတ်ဖြင့် အဆင့် ၁၅ သာ ရရှိသဖြင့် လာမည့်ဘောလုံးရာသီတွင် ပထမတန်းသို့ အတန်းဆင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြို့တော်စည်ပင်နိုင်

လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ မြို့တော်စည်ပင်အသင်းနှင့် တပ်မတော် (ကြည်း)အသင်းတို့ ယှဉ်ပြိုင်ကစားရာ မြို့တော်စည်ပင်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲစဉ်များအပြီးတွင်နှစ်သင်းစလုံး ပွဲကုန်သွားပြီဖြစ်ရာ မြို့တော်စည်ပင်အသင်းက ၁၅ ပွဲကစား ခြောက်ပွဲနိုင်၊ လေးပွဲသရေ၊ ငါးပွဲရှုံး ၂၂ မှတ်ဖြင့် အဆင့်ခြောက်၌ ရပ်တည်လျက်ရှိသည်။ တပ်မတော် (ကြည်း) အသင်းက ၁၅ ပွဲကစား ၁၅ ပွဲရှုံး အမှတ်မရဘဲ အဆင့် ၁၆ သာ ရရှိသဖြင့် လာမည့်ဘောလုံးရာသီ၌ ပထမတန်းသို့ အတန်းဆင်း ယှဉ်ပြိုင်မည်ဖြစ်သည်။

ယနေ့ပွဲ

မတ် ၁၀ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆောက်လုပ်ရေးအသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်း၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ကမ္ဘောဇအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၆)ထွက်ပြီ

ရန်ကုန် မတ် ၉

ကျေးလက်နေတောင်သူဦးကြီးတို့၏ မိသားစုဘဝ ပျော်ရွှင်မှုကို ပိုင်ဆိုင်နိုင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသိပညာ၊ ဗဟုသုတများ ပွားများ ရရှိစေရေးတို့အတွက် ရည်ရွယ်၍ ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၆)ကို မတ် ၁၅ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(အပေါ်ပုံ)**

ယခုတစ်ပတ် ဂျာနယ်တွင် ဒို့ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးသို့၊ ကြက်ပြင်ပကပ်ပါးရောဂါများ၊ မွေးဝက်မများအား စောင့်ရှောက်ခြင်း၊ မြေပဲတစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေး၊ လှောင်ပိတ်အကျဉ်းချတဲ့ငှက်၊ ဆိပ်ဖလူးပင်နှင့်ဆေးအစွမ်း၊ ကျန်းမာကြံ့ခိုင်ပြည့်မဏ္ဍိုင်၊ မေတ္တာထီးရိပ်မရှိသည့်အခါဝယ်၊ ဈေးကွက်ဝင် ဒူးရင်းပင်စိုက်နည်း၊ စိုက်သင့်ပေသည် ရုံးပတီ၊ ရွာကိုလွမ်းခြင်း၊ မြန်မာ့ကျားများ တည်တံ့ရေးဝိုင်းဝန်းထိန်းသိမ်းပေး၊ ဆေးဖက်ဝင်ကျွဲခေါင်းပင်၊ ကွမ်းရွက်အသုံးပြောမဆုံးစသည့်ဆောင်းပါး၊ ဝတ္ထု၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့် သတင်းကဏ္ဍများကိုဖွယ်ဖွယ်ရာရာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ်(၃၀–၃၂) ၁၀ လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ် မတ်လအတွက်
(၁၂–၃–၂၀၀၆)ရက်နေ့
နှင့်
(၂၆–၃–၂၀၀၆)ရက်နေ့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀–၃–၂၀၀၆
(သောကြာနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ ဂုံညင်းတန်းတံတား
- ၇:၁၀ တေးဂီတအစီအစဉ်
- ၇:၁၅ ကျက်သရေတင့်တယ်လှစေမယ် (အပိုင်း–၃)
- ၇:၂၀ တေးဂီတအစီအစဉ်
- ၇:၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၇:၃၅ Myanmar Video Rhythm
- ၈:၂၅ ယူရီးယားဓာတ်မြေဩဇာ ထုတ်လုပ်မှုကဏ္ဍ
- ၈:၄၅ တေးဂီတအစီအစဉ်
- ၈:၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၈:၅၅ ငရုတ်ကောင်းသီးနှံ ပျိုးထောင်စိုက်ပျိုးနည်း
- ၉:၀၅ တေးဂီတအစီအစဉ်
- ၉:၁၀ မိုးလေဝသခန့်မှန်းချက်
- ၉:၁၅ Management Talk
- ၉:၄၀ တေးဂီတအစီအစဉ်
- ၉:၄၅ ဆန်းသစ်တီထွင် မြန်မာ့အကျိုအသွင်(အပိုင်း–၂)
- ၁၀:၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၁၅ တေးဂီတအစီအစဉ်
- ၁၀:၂၀ Say it in English
- ၁၀:၃၀ တေးဂီတအစီအစဉ်
- ၁၀:၃၅ အခြေခံပန်းချီပညာမိတ်ဆက်
- ၁၀:၅၅ တေးဂီတအစီအစဉ်
- ၁၁:၀၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၀၅ ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ် (လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ်)
- ၁၁:၂၅ တေးဂီတအစီအစဉ်
- ၁၁:၃၀ On the Ball
- ၁၁:၅၅ တေးဂီတအစီအစဉ်
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ကမ္ဘာတစ်လွှား အားကစား

လက်ရှိချန်ပီယံ လီဗာပူး ဆုဖလားနှင့်ဝေးပြီ ရော်နယ်ဒိုပါသော်လည်း ရီးရဲမက်ဒရစ် ဂိုးမရခဲ့

စုစည်းတင်ပြသူ **မောင်မောင်မြင့်ဆွေ**

မီလန် မတ် ၉

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲကို မတ် ၈ ရက်က ဆက်လက်ကစားရာ အေစီမီလန်၊ ဘင်ဖီကာနှင့် လိုင်ယွန်းတို့ အနိုင်ရရှိခဲ့ပြီး အာဆင်နယ်နှင့် ရီးရဲမက်ဒရစ်တို့ သရေပွဲဖြစ်ခဲ့သည်။ နာမည်ကြီး ရီးရဲမက်ဒရစ်၊ လက်ရှိ ချန်ပီယံ လီဗာပူးနှင့်ဘိုင်ယန်မြူးနစ်တို့ ချန်ပီယံလိဂ်မှ ကျောခိုင်းထွက်ခွာကြရပြီဖြစ်သည်။

အေစီမီလန်နှင့်ဘိုင်ယန်မြူးနစ်

အဝေးကွင်း၌ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သော အေစီမီလန်တို့ မိမိကွင်း၌ ဘိုင်ယန်မြူးနစ်ကို စိတ်ကြိုက်ကစားကာ ဂိုးအပြတ်သွင်း အနိုင်ယူခဲ့ပြီး ချန်ပီယံလိဂ်နောက်တစ်ဆင့်သို့ နှစ်ပွဲပေါင်းရလဒ် ငါးဂိုး–နှစ်ဂိုးဖြင့် တက်ရောက်သွားပြီဖြစ်သည်။

သွင်းနိုင်ခဲ့သဖြင့် ဘိုင်ယန်မြူးနစ်တို့ သက်သာသွားခဲ့ခြင်းဖြစ်သည်။

သို့သော် ပွဲချိန် ၂၅ မိနစ်တွင် ရှက်ဗ်ချင်ကိုက တစ်ဂိုးသွင်းယူလိုက်နိုင်သဖြင့် နှစ်ဂိုးအသာဖြင့် အေစီမီလန်တို့ ဦးဆောင်နေနိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ်မှ ပီဇာရို၊ မက်ကေး၊ မိုက်ကယ်ဘောလက်တို့ ချေပဂိုး

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အာဆင်နယ်နှင့် ရီးရဲမက်ဒရစ်တို့ ပွဲတွင် အာဆင်နယ်မှ အွန်နရီ(ယာ)**၏ ထိုးဖောက်ကစားဟန်။**
(ဓာတ်ပုံ–အင်တာနက်)

အေစီမီလန်တို့ပွဲစသည်နှင့်တိုက်စစ်ဖွင့်ကစားရာ ပွဲအစ ရှစ်မိနစ်မှာပင် အေစီမီလန်တိုက်စစ်မှူး အင်ဇာဂီက အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ အေစီမီလန်တို့ ဆက်တိုက်ထိုးဖောက်ကစားရာ ရှက်ဗ်ချင်ကို၊ အင်ဇာဂီ၊ ဆီးဒေါ့ဖ်၊ ဆာဂျင်ဟိုတို့ အပေးအယူနားလည်မှုရှိသဖြင့် ဘိုင်ယန်မြူးနစ်နောက်တန်းကို အကြိမ်ကြိမ် ဖြတ်ကျော် ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၂၃မိနစ်တွင် အေစီမီလန်တို့ ပယ်နယ်တီ ပြစ်ဒဏ်ဘောရရှိခဲ့သည်။ ယင်းပြစ်ဒဏ်ဘောကို ရှက်ဗ်ချင်ကို ဂိုးဝင်အောင် မကန်

ရရှိရေးတန်ပြန်တိုက်စစ်ဆင် ကစားရာမှ ပွဲချိန် ၃၆ မိနစ်တွင် ဘိုင်ယန်မြူးနစ်မှ အစ်မေးလ်က ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ်တို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ထိရောက်သော ထိုးဖောက်ဂိုးသွင်းမှု မပြုလုပ်ခဲ့သဖြင့် ချေပဂိုးမရရှိဘဲ ပွဲချိန် ၄၇ မိနစ်တွင် အင်ဇာဂီကတစ်ဂိုး၊ ကာကာက ပွဲချိန် ၅၉ မိနစ်၌ တစ်ဂိုးသွင်းယူခဲ့သဖြင့် အေစီမီလန်တို့ လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး ဘိုင်ယန်မြူးနစ်တို့ကို ချန်ပီယံလိဂ်မှ ပြတ်ပြတ်သားသား ဖြုတ်ချခဲ့ခြင်းဖြစ်သည်။

လီဗာပူးနှင့်ဘင်ဖီကာ

လက်ရှိချန်ပီယံ လီဗာပူးလည်း အိမ်ကွင်း အန်ဖီးလ်၌ အရေးနိမ့်ကာ ချန်ပီယံလိဂ်မှ ထွက်ခွာရပြီဖြစ်သည်။

မိမိကွင်း၌ တစ်ဂိုးမျှမချေပနိုင်ဘဲ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ လီဗာပူးတိုက်စစ်မှူးများဖြစ်သည့် မိုရီယန်တေးစ်၊ ခရော့ချ်၊ ဂါစီယာ၊ ကီးဝဲလ်နှင့်ဂျရတ်တို့လည်း ဘင်ဖီကာဂိုးရှေ့ရောက်သည်နှင့် ပျက်သွားလိုက်၊ အပေါ်ထောင်ဘောထွက်မှုများဖြစ်လိုက်နှင့် ဂိုးမသွင်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ရှုံးနိမ့်ခဲ့ရ

ဧည့်သည်ဘင်ဖီကာတို့က တည်တည်ငြိမ်ငြိမ်ပင် ကစားသွားရာ ပွဲချိန် ၃၆ မိနစ်တွင် ဘင်ဖီကာမှ စီမာအိုက တစ်ဂိုး၊ ပွဲချိန် ၈၉မိနစ်တွင် မီကိုလီက တစ်ဂိုးသွင်းယူသွားသဖြင့် လီဗာပူးတို့ နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

လီဗာပူး တို့ နှစ်ပွဲပေါင်း ရလဒ် ၀–၃ဖြင့် ချန်ပီယံလိဂ်မှ ကျောခိုင်းထွက်ခွာခဲ့ရပြီဖြစ်သည်။

အာဆင်နယ်နှင့်ရီးရဲမက်ဒရစ်

အာဆင်နယ်ကွင်း ဟိုက်ဘူရီ၌ ကစားရမည့်ပွဲကို ရီးရဲမက်ဒရစ်တို့

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ လီဗာပူးနှင့်ဘင်ဖီကာတို့ပွဲတွင် ဘင်ဖီကာမှ မီကိုလီ(ဝဲ)**က ဤသို့ အနီးကပ် ကန်သွင်းယူခဲ့သည်။**
(ဓာတ်ပုံ–အင်တာနက်)

အသေအချာ ပြင်ဆင်လာခဲ့ရာ အမာခံလူများဖြစ်သည့် ရာအူလ်၊ ရော်နယ်ဒို၊ ဂူတီ၊ ဇီဒန်း၊ ဒေးဗစ်ဘက်ဟမ်း၊ ဆဲယ်ဂါဒိုနှင့် ကားလို့စ် စသည့် အကျော်အမော်များ ထည့်သွင်းကစားသွားသည်။

ဂိုးမရခဲ့

အွန်နရီဦးဆောင်သည့် အာဆင်နယ်သည် ရီးရဲမက်ဒရစ်ကို ခြေရည်တူကစားကာ ဂိုးသွင်းခွင့်များရရှိအောင် ဖန်တီးနိုင်ခဲ့သည်။ သို့သော် အွန်နရီ၊ ရီယက်စ်နှင့်ယွန်းဘတ်တို့၏ ကန်သွင်းချက်များ မထိရောက်မှုကြောင့် ဂိုးမရခဲ့ခြင်း ဖြစ်သည်။

အဝါကတ်ပြ

ထို့အတူ ရီးရဲမက်ဒရစ်အတွက် အဖွင့်ဂိုးရရှိရန် ရာအူလ်၊ ရော်နယ်ဒို၊ ဂူတီနှင့် ဇီဒန်းတို့ အကြိတ်အနယ် ကြိုးစားသော်လည်း ပွဲချိန်ပြည့်သည်အထိ ဂိုးမသွင်းနိုင်ခဲ့သဖြင့် ဂိုးမရှိဘဲ သရေပွဲဖြစ်ခဲ့ရသည်။ ယခုပွဲတွင် ရီးရဲမက်ဒရစ်မှ ဂူတီ၊ ကားလို့စ်၊ ဂရာဗီဆင်နှင့် ဘရာဗိုတို့လည်း အဝါကတ်ပြခံခဲ့ရသည်။

အာဆင်နယ်သည် ယခုပွဲ ဂိုးမရှိသရေ ဖြစ်ခဲ့သော်လည်း နှစ်ပွဲပေါင်း ရလဒ် ၁–၀ဖြင့် ချန်ပီယံလိဂ်နောက်တစ်ဆင့်သို့ တက်လှမ်းသွားပြီဖြစ်ပြီး ရီးရဲမက်ဒရစ်တို့ ချန်ပီယံလိဂ်မှ ထွက်ခွာခဲ့ရပြီဖြစ်သည်။

လိုင်ယွန်နှင့်ပီအက်စ်ဗွီ

အဝေးကွင်း၌ ပီအက်စ်ဗွီကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ယူပြီး မိမိကွင်း စကိတ်ဒီဂါလန်၌ လေးဂိုးသွင်း အနိုင်ရရှိခဲ့သည့် လိုင်ယွန်တို့ ခြေစွမ်းမှာ ထက်မြက်လှသည်။ ပွဲအစ ပထမပိုင်း ၂၆ မိနစ်မှာပင် လိုင်ယွန်တိုက်စစ်မှူး တီရာဂိုက အဖွင့်ဂိုးသွင်းယူလိုက်နိုင်သည်။

လိုင်ယွန်တို့ ဆက်တိုက်ဖိကစားပြီး ပီအက်စ်ဗွီနောက်တန်းကို ထိုးဖောက် တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၄၅ မိနစ် တီရာဂိုကပင် ဒုတိယဂိုးသွင်းယူခဲ့ပြန်သည်။ ပထမပိုင်းတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေရာမှ ဒုတိယပိုင်း ၇၁ မိနစ်၌ ဝီလ်တော့ဒ်က တစ်ဂိုး၊ မိနစ် ၉၀တွင် ချာဗက်ဂူဒတ်စ်က တစ်ဂိုးသွင်းယူခဲ့သဖြင့် လိုင်ယွန်တို့ လေးဂိုးဆက်တိုက်သွင်းပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယခုပွဲအနိုင်ရရှိသဖြင့် လိုင်ယွန်တို့ နှစ်ပွဲပေါင်း ၅–၀ ရလဒ်ဖြင့် ချန်ပီယံလိဂ် နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။**(အင်တာနက်)**

ရော်နယ်ဒင်ဟိုထက်တော်တဲ့ ကစားသမားတွေ ချယ်လ်ဆီး၌ရှိ – မော်ရင်ဟို
ပျော်ရွှင်ခြင်းနဲ့ စိတ်ချမ်းသာမှုကို ငွေနဲ့မလဲနိုင်ပါဘူး – ရော်နယ်ဒင်ဟို

လန်ဒန် မတ် ၉

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် ဘာစီလိုနာအသင်းနှင့် ရှုံးထွက်ပွဲစဉ်၌ ယှဉ်ပြိုင်ကစားခဲ့ရပြီး အဝေးကွင်း အိမ်ကွင်းရလဒ် ၃–၂ ဖြင့် ချန်ပီယံလိဂ်မှထွက်ခဲ့ရသော ချယ်လ်ဆီးအသင်းသည် ဝေဖန်ပြစ်တင်မှုများကြုံတွေ့ခဲ့ရသည်။

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက “ချန်ပီယံလိဂ်က ထွက်ခဲ့ရတာကတော့ စိတ်ပျက်စရာပါ၊ ဘောလုံးပွဲတွေမှာ အနိုင်အရှုံးဆိုတာရှိစမြဲမို့ ဆန်းကြယ်တဲ့ကိစ္စမဟုတ်ပါဘူး။ ရော်နယ်ဒင်ဟိုသွင်းတဲ့ဂိုးက ကောင်းပါတယ်။ ရော်နယ်ဒင်ဟိုဟာ ကစားသမားကောင်းတစ်ဦးဖြစ်ပေမယ့် ချယ်လ်ဆီးမှာ သူ့ထက်တော်တဲ့ကစားသမားတွေ ရှိနေပါတယ်”ဟု ပြောကြားသွားသည်။

ချယ်လ်ဆီးနည်းပြ မော်ရင်ဟို

ဘာစီလိုနာကို ချန်ပီယံလိဂ် နောက်တစ်ဆင့်တက်အောင် အဓိကစွမ်းဆောင်ပေးခဲ့သည့် ဘရာဇီးကွင်းလယ်ကစားသမား ရော်နယ်ဒင်ဟိုကလည်း “မိမိတို့ချယ်လ်ဆီးကိုအနိုင်ရပြီး ချန်ပီယံလိဂ် နောက်တစ်ဆင့်တက်နိုင်တဲ့

ရော်နယ်ဒင်ဟို

အတွက် အတိုင်းမသိ ဝမ်းသာရပါတယ်။ ချယ်လ်ဆီးဟာ တောင့်တင်းခိုင်မာတဲ့ အသင်းကောင်းတစ်သင်း ဖြစ်သလို ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုကလည်း အားကစားသမားတွေကို ကောင်းကောင်းသွန်သင်ပြသနိုင်သူ တစ်ဦးဖြစ်ပါတယ်။ မိမိဘဝမှာ ငွေဟာအရေးမကြီးပါဘူး။ ပျော်ရွှင်ခြင်းနှင့် စိတ်ချမ်းသာမှုကို ငွေနဲ့လဲလှယ်မှု မလုပ်ပါဘူး။ ဘာစီလိုနာမှာ ကစားဖော်တွေနားလည်မှုရှိကြလို့ ကစားရတာပျော်နေပါပြီ။ အခုအချိန်မှာ ဘယ်ဘောလုံးကလပ်အသင်းက ငွေဘယ်လောက်ပေးပေး ဘာစီလိုနာကနေ မပြောင်းပါဘူး။ ဘဝကိုပျော်ပျော်ရွှင်ရွှင်နဲ့ပဲ ဖြတ်သန်းချင်ပါတယ်၊ အခုဆိုရင် ဘာစီလိုနာဟာ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ရောက်ပါပြီ။ ရှေ့ခရီးဆက်နိုင်ဖို့ အာရုံထားနေရပါတယ်”ဟု ပြောကြားလိုက်သည်။

ရော်နယ်ဒင်ဟိုအား ငွေကြေး အမြောက်အမြား အသုံးပြု၍ ချယ်လ်ဆီးသို့ပြောင်းရွှေ့ရန် ချယ်လ်ဆီးပိုင်ရှင် အေဘရာမိုဗစ်က ကြိုးစားနေသည်ဟူသော သတင်းဂယက်ကိုလည်း ရော်နယ်ဒင်ဟိုက အထက်ပါအတိုင်း တုံ့ပြန်ချေဖျက်လိုက်သည်။

(အင်တာနက်)

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်စ်ပြည်နယ် ဘော့စတွန်မြို့တွင်ကျင်းပသည့် အမျိုးသားအမြင့်ခုန်ပြိုင်ပွဲ၌ အဒမ်ရှန့်ခ်က ၂ ဒသမ ၂၅ မီတာခုန်ကာ အနိုင်ရဗိုလ်စွဲခဲ့သည့် ယှဉ်ပြိုင်ဟန်။ (အင်တာနက်)

ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ ဖယ်သာဝိတ်တန်းချန်ပီယံထိုးသတ်ပွဲ လက်ရှိချန်ပီယံ အင်ဒိုနီးရှားမှ ခရစ်စတင်းဂျွန် ကာကွယ်နိုင်

ဂျကာတာ မတ် ၉

ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ ဖယ်သာဝိတ်တန်းချန်ပီယံထိုးသတ်ပွဲကို အင်ဒိုနီးရှားနိုင်ငံ အရှေ့ကာလီမန်တန်ပြည်နယ် တန်ဂါ့ဂွန်မြို့၌ မတ် ၅ရက်က ကျင်းပရာ အင်ဒိုနီးရှားမှ ယိုဘန်နက်စ် ခရစ်စတင်းဂျွန်နှင့် မက္ကဆီကိုမှ ဂျွန်မာနူးလ်မာကွက်ဇ်တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

ထိုသို့ ထိုးသတ်ရာတွင် ကမ္ဘာ့လက်ဝှေ့ အဖွဲ့ချုပ်၏ ဖယ်သာဝိတ်တန်း လက်ရှိချန်ပီယံ ခရစ်စတင်းဂျွန်က စိန်ခေါ်သူမာကွက်ဇ်ကို အချီတိုင်း အသာစီးမှ ထိုးသတ်နိုင်ခဲ့သည်။

ပွဲချိန်ပြည့် ယှဉ်ပြိုင်ထိုးသတ်ပြီးနောက် အင်ဒိုနီးရှားမှ လက်ရှိချန်ပီယံ ခရစ်စတင်းဂျွန်အား ဒိုင်လူကြီးသုံးဦးစလုံးက ၁၁၆–၁၁၀၊ ၁၁၇–၁၁၁၊ ၁၁၆–၁၁၂ မှတ်ဖြင့် အနိုင်ပေးခဲ့သည်။ ခရစ်စတင်းဂျွန်သည် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ ဖယ်သာဝိတ်ချန်ပီယံ သရဖူကို ကာကွယ်နိုင်ခဲ့ပြီဖြစ်သည်။

(အင်တာနက်)

ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ ဖယ်သာဝိတ်တန်း ချန်ပီယံလုပွဲတွင် လက်ရှိချန်ပီယံ ခရစ်စတင်းဂျွန်(ယာ)**က စိန်ခေါ်သူ မာကွက်ဇ်အား ညာလက်သီးပစ်သွင်းရန် ကြိုးစားခဲ့စဉ်။**
(ဓာတ်ပုံ–အင်တာနက်)

အောင်စေတီ ဗုဒ္ဓပူဇနီယပွဲ ကျင်းပမည်

ရန်ကုန် မတ် ၉

သာကေတမြို့နယ်(၁၀)တောင် (၁၂)ရပ်ကွက် တံခွန်တိုင်တောရကျောင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော အောင်စေတီ ဗုဒ္ဓပူဇနီယပွဲတော်ကို မတ်၁၂ရက် (တပေါင်းလဆန်း ၁၄ရက်)တွင် အောင်စေတီ သာသနာပြုဆရာတော် ဘဒ္ဒန္တဝဏ္ဏသာရအား အမှူးထား၍ ပင့်သံဃာ ၄၅ပါးတို့အား ဆွမ်း၊ ဒါနဝတ္ထုပစ္စည်းအစုစုတို့ကို ဆက်ကပ်ပူဇော်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

စမ်းချောင်းလမ်း ၁၀ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၉

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထ ဝိပဿနာ အကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြ ဆရာဦးကျော်နိုင်ထွန်းက မတ် ၁၅ ရက်မှ ၂၄ရက်အထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းအမှတ် ၂၉ ဒုတိယလွှာတွင် မွန်းတည့် ၁၂နာရီမှ ညနေ၅နာရီအထိ ဓမ္မဒါနပြုလုပ်မည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်းသိရသည်။ (က-ပ)

ကျေးဇူးဆပ်ပါမည်

ကျွန်မ Ah Men Aye ၏ နိုင်ငံကူးလက်မှတ်အမှတ် 672184 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၃၉၄၆၀၄။**

၁၉၈၄-၈၅ ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ) ရူပဗေဒ ကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ်၅ရက်က ကမာရွတ်မြို့နယ် တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပရာ ကျောင်းသားကျောင်းသူဟောင်းများက ဆရာ ဆရာမကြီးများအား ကန်တော့ပစ္စည်းပေးအပ်စဉ်။

(က-ပ)

ရေစက်ချတရားတော်နာ ဖိတ်ကြားခြင်း

အင်းတကော်မြို့နယ် စိတ္တသုခမဟာမြိုင်(သိမ်ကုန်း)ကျောင်းတိုက်၌ ကျေးဇူးရှင် အံ့ကြီးဘေးမဲ့ဆရာတော်ကြီး ဦးစန္ဒာဝရအား အမှူးထားလျက် လှူဒါန်းမှုအစုစုဖြစ်သော ဘုရား၊ စေတီ၊ ဇရပ်၊ တန်ဆောင်း၊ ကျောင်း၊ ရေတွင်းရေကန် အစရှိသည်တို့ကို တပေါင်းလပြည့်နေ့ (၁၃-၃-၂၀၀၆)ရက်၌ အထက်ပါကျောင်းတိုက်တွင် ရေစက်သွန်းချမည်ဖြစ်ပါ၍ အလှူတော်မင်္ဂလာသို့ ဓမ္မမိတ်ဆွေအပေါင်းကြွရောက် ကုသိုလ်ယူကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဆရာတော် ဦးဝါသဝနှင့် အကျိုးတော်ဆောင်အဖွဲ့။

အများသိစေရန်

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း ၃၀(အထက်)၊ တိုက်အမှတ် ၂၃၆-၂၃၈ရှိ ၁၂ခန်း သုံးထပ်တိုက်နှင့် ၎င်းတိုက်တည်ဆောက်ရာ ရန်ကုန်တိုင်း ရန်ကုန်မြို့ မြို့မတိုက်နယ်ရပ်ကွက် အမှတ် ဒီ-၃၊ တတိယတန်း အမျိုးအစား မြေပိုင်မြေကွက်အမှတ် ၂၄၊ အလျားပေ ၅၀၊ အနံပေ ၄၀ရှိ မြေကွက်နှင့် ၎င်းတို့၏အကျိုးသက်ဆိုင်ခွင့်အားလုံးကို ဒေါ်စန္ဒာထွန်း၊ ဒေါ်ဝတ်ရည်ဦးတို့က အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက်၊ မင်းဓမ္မကုန်းတော်၊ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးသို့ အပြီးအပိုင် လှူဒါန်းမည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ဂေါပကအဖွဲ့သို့တင်ပြလျက် ကန့်ကွက်နိုင်ပါသည်။

ဂေါပကအဖွဲ့
မင်းဓမ္မကုန်းတော်၊ အင်းစိန်မြို့နယ်။









Vacanices

(For Local Service Only)

We are a leading marketing and distribution company of pharmaceutical products and we require well-qualified persons for the following positions

1.Chief Accountant Female(1)Posts

(For Mandalay Branch Office)

B.Com, C.P.A.At Least 3 years experience in related field. Good Knowledge of Computerized Accounting. Able to handle account of whole Branch office. Able to take responsibility for the account of Whole Branch office. Interested person may subit detailed CV with relevant document, two recent photos and labour registration card to Yangon PO Box (905) Mandalay PO Box (15) within 7 days from this advertisement.

ကန့်ကွက်နိုင်ကြောင်းကြေညာ

၁။ မင်္ဂလာတောင်ညွန့်မြို့နယ် မြေတိုင်း (၁၁ပီ)မြေကွက်အမှတ် ၈၁ P.Gaja Ammal အမည်ပေါက်နှစ် (၉၀) ဂရန်မြေကို ဒေါ်မြလှိုင်က အမည်ပြောင်းလျှောက်ထားခြင်း။

၂။ ဗိုလ်တထောင်မြို့နယ်၊မြေတိုင်း (၉ M)မြေကွက် အမှတ်(၂) ဒေါ်အာရှာဘီဘီ အမည်ပေါက် နှစ်(၉၀)ဂရန်မြေကို အမှတ်(၄၂) ၆၇လမ်းနေ ဒေါ်နှင်းပန်းခိုင် ၁၂/မဂတ(နိုင်)၀၂၁၁၉၀က အမည်ပြောင်း လျှောက်ထားခြင်း။

၃။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်း ၁၀ N မြေကွက်အမှတ် V ၁၂၀ နဇာအာမက် အမည်ပေါက် နှစ် ၉၀ ဂရန်မြေကို အမှတ်(၃) လမ်း ၁၀၀ နေ အမ်ဘီယာဘီ(ခ)ဒေါ်တင်တင်နုက အမည်ပြောင်းလျှောက်ထားခြင်းနှင့်

၄။ တာမွေမြို့နယ် မြေတိုင်းရပ်ကွက် အမှတ် ၄စီစီ မြေကွက်ကြီး အမှတ် ၉၁ ကျူးလွန်ခြင်း အမှတ်(၈၆) မစန်းကြည်အမည်ပေါက် မြေကွက်ကို အမှတ်(၇၇) မြို့ပတ်လမ်း ကျောက်မြောင်းနေ ဦးမောင်နီ ၁၂/တမန(နိုင်)၀၉၀၀၆၉က ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။



ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ပန်းဥယျာဉ်တွင် ပျိုးထောင်ထားသော ပျိုးပင်များကို ဖေဖော်ဝါရီ ၂၈ရက်က မကွေးတိုင်း စည်ပင်သာယာရေး အဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးကျော်စိုး ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးစိုးသန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမျိုးမင်းသန့်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ပန်းတနော်မြို့နယ်၌ မိုးကြိုဂုန်လျှော်၊ ချည်ပေါင်လျှော်များ စိုက်ပျိုးထုတ်လုပ်ရေးအတွက် တာဝန်များပေးအပ်

ပန်းတနော် မတ် ၃

ပန်းတနော်မြို့နယ်၏ ၂၀၀၆-၂၀၀၇ခုနှစ် မိုးကြိုဂုန်လျှော်၊ ချည်ပေါင်လျှော်များ စိုက်ပျိုးထုတ်လုပ်ရေး တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၂ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးမြှင့်အဖွဲ့ဝင်များ၊ မြန်မာ့ဂုန်လျှော်ပစ္စည်း လုပ်ငန်းမှ မြို့နယ်မန်နေဂျာနှင့် စခန်းတာဝန်ခံများနှင့် ကျေးရွာအုပ်စု ၃၅အုပ်စုတို့မှ ဥက္ကဋ္ဌများတက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်က အမှာစကားပြောကြားသည်။

လုပ်ငန်းဆိုင်ရာ

ဆက်လက်၍ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးလှထွန်းက မိုးကြိုဂုန်လျှော်၊ ချည်ပေါင်လျှော် စိုက်ပျိုးထုတ်လုပ်ရေး လုပ်ငန်းဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက ဂုန်လျှော်စိုက်ပျိုးဝယ်ယူရေးစခန်းနယ်မြေခုနစ်ခုရှိ ကျေးရွာအုပ်စု၃၅အုပ်စုတို့မှ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား မိုးကြိုဂုန်လျှော်၊ ချည်ပေါင်လျှော် ဧက ၁၁၇၅၀ စိုက်ပျိုးထုတ်လုပ်ရန်အတွက် တာဝန်များပေးအပ်သည်။ **(အပေါ်ပုံ)** (၃၂၇)

သောက်သုံးရေရရှိရေး မြစ်ကြီးနား၌ ဆောင်ရွက်

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၀

မြစ်ကြီးနား မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၃ရက်က မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးဆွေနှင့်အင်ဂျင်နီယာမှူးဦးသိန်းမြင့်တို့သည်မြစ်ကြီးနားမြို့ တန်ဖရဲကျေးရွာနေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ရေဂါလန် ၁၆၀၀ဆံ့ သံရေကန် တည် ဆောက်ပြီးစီးမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရ သည်။ **(မြို့နယ် စည်ပင်)**

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

မော်လမြိုင်မြို့ ပြည်တွင်းကုန်တင် ကုန်ချကော်မတီက ကြီးမှူး၍ ၂၀၀၅ ခုနှစ် တစ်နှစ်တာ လုပ်အားယှဉ်ပြိုင် ရက်မှန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၀ရက်က မော်လမြိုင်မြို့ ပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အလုပ်သမားဦးစီးအရာရှိ ဦးထွန်းရှိန်က ရက်မှန် ပထမဆုရ ဂိုဏ်းအမှတ်(၁၁) လုပ်သားအမှတ် ၁၀၆၉ ဦးမျိုးနိုင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၆၈)

မြင်းခြံ ဆန္ဒတော်ပြည့်စေတီတော် ထမနဲဆွမ်းလောင်းလှူ

မြင်းခြံ ဖေဖော်ဝါရီ ၂၈

မြင်းခြံမြို့ ဆန္ဒတော်ပြည့်စေတီတော်၏ စတုတ္ထအကြိမ်မြောက် ထမနဲဆွမ်းဒယ် ၁၀၀လောင်းလှူပွဲအတွက် မြင်းခြံမြို့ဆီစက်လုပ်ငန်းရှင်များမှ ပဲဆီ၂၇ ပိဿာနှင့် ငွေကျပ် ၁၂၅၀၀ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ၆ရက်က ဆန္ဒတော်ပြည့်စေတီတော်ဓမ္မာရုံ၌ ကျင်းပရာ နာယကဆရာတော်ဘဒ္ဒန္တနန္ဒိယ(ဒီဃ ဘာဏက) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကြွရောက်ချီးမြှင့်တော်မူပြီး အလှူရှင်များကိုယ်စားဦးကျော်အေးက ထမနဲဆွမ်းလောင်းလှူရေးအဖွဲ့ ဒေါ်ပုလေးနှင့်ဒေါ်ခင်စီတို့ထံ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(၄၀၂)**

ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်ရေးအတွက် ခြံစည်းရိုးကြက်ဆူပင်များကို အဖွဲ့ပိုင်မြေကွက်လပ်များ၌ စိုက်ပျိုးလျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက်က တိုင်းစည်ပင်သာယာရေးအဖွဲ့ ရတနာမာန်အောင် ဝန်ထမ်းအိမ်ရာဝင်း၌ ဝန်ထမ်းများ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနေမှုကို ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

သာစည်မြို့နယ်၌ ကျန်းမာရေးပညာပေး ကျေးရွာပြည်သူများအား အခမဲ့ဆေးကုသ

မိတ္ထီလာ မတ် ၂

မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်နှင့်ဆေးရုံအုပ်ဒေါက်တာဦးကိုကိုကြီးတို့ ဦးဆောင်သည့် အထူးကုဆရာဝန်များအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ရက်က မိတ္ထီလာခရိုင် သာစည်မြို့နယ် မောင်းမဆည်ကျေးရွာသို့ ကွင်းဆင်း၍ ကျန်းမာရေးပညာပေးခြင်း၊ ကျေးရွာနေပြည်သူများအား အခမဲ့ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ အဖွဲ့တွင် ခွဲစိတ်အထူးကုဆရာဝန် ဒေါက်တာဦးညွန့်လွင်၊ အရိုးအထူးကုဆရာဝန်ဒေါက်တာဦးဇော်ဝင်း၊ မျက်စိအထူးကုဆရာဝန်ဒေါက်တာဦးကောင်းညွန့်၊ နား၊နှာခေါင်း၊ လည်ချောင်းအထူးကုဆရာဝန်ဒေါက်တာဦးမြတ်ဆွေ၊ ဆေးပညာအထူးကုလက်ထောက်ဆရာဝန် ဒေါက်တာဦးမျိုးညွန့်၊ သားဖွားမီးယပ်အထူးကု လက်ထောက်ဆရာဝန် ဒေါက်တာဒေါ်နိုင်အေးခက်နှင့် ခရိုင်တိုင်းရင်းဆေးခန်းမှူး ဒေါ်စန်းဆင့်ဆင့်တို့က ကျေးရွာနေပြည်သူ၂၄၇ဦးတို့အား အခမဲ့ဆေးဝါးကုသပေးကြကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကောလင်း၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ကောလင်း ဖေဖော်ဝါရီ ၂၅

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကောလင်းမြို့နယ် ဝါးရုံခုံအုပ်စု ဝါးရုံခုံကျေးရွာဥက္ကဋ္ဌ ဦးကျော်တင်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၀ရက်က ကောလင်း-ကန့်ဘလူ မြို့နယ်ကြား ကားလမ်းဘေး ဝဲယာတစ်လျှောက်တွင် ခြံစည်းရိုး ကြက်ဆူပင် ၈၄၀၀ကို စုပေါင်းစိုက်ပျိုးကြသည်။

အလားတူ ဖေဖော်ဝါရီ ၇ရက်က ဝါးရုံခုံ၊ကြို့ခုံ၊လှည်းပွဲ၊တာ၊မြောင်းကြီးနှင့် ဓိးခုံကျေးရွာ ပြည်သူများက ခြံစည်းရိုး ကြက်ဆူပင် ၄၂၀၀၀ကို အိမ်ခြံဝင်း လယ်ယာမြေနှင့် လမ်းဘေးဝဲယာတစ်လျှောက်တွင် စုပေါင်း၍ စိုက်ပျိုးကြသည်။ **(၀၂၆)**

မြန်မာ့အသံ

၁၁-၃-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်)

နေ့လယ်ပိုင်း

၀၉း၄၅ အာဆီယံအစီအစဉ်
၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ကျိုင်းတုံမြို့နယ် မြန်မာ့နှစ်ရှည်ပင်ရော်ဘာ စိုက်ပျိုးရေးလုပ်ငန်းအကြောင်း)
၁၁း၃၅ မေတို့ရေးရာသိမှတ်စရာ (မန္တလေးတိုင်းမှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်နှင့် ဆွေးနွေးခန်း)
၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၂း၁၀ နေ့စဉ်သုံးအီဒီယမ် (ဦးသိန်းလွင်)
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ဘီအီးဒီ-ပထဝီဝင်သင်ပြနည်း)

ညနေပိုင်း

၁၇း၀၀ အဆို၊ အက၊ အရေး၊ အတီးဆုရ (ပဲခူးတိုင်းမှ ဦးအေးလွင်နှင့် မွန်ပြည်နယ်မှ မောင်ရန်မင်းအောင်တို့၏ ဓမ္မပူဇာတေး)
၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇း၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် [ကျန်းမာစေရာ နည်း(၁၀)ဖြာ-တင်မောင်ညွန့်]
၁၈း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (စပယ်မင်းတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် အိပ်မက်သင်္ကြန် တေးစီးရီး)
၂၀း၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလွင်ဦးနှင့် ဝန်ထမ်းများစုပေါင်း၍ ဖေဖော်ဝါရီ ၅ရက်က ခြံစည်းရိုးကြက်ဆူပင်များပျိုးထောင်ကြစဉ်။ (မြို့နယ် စည်ပင်)

ဟိုပင် မူလတန်းလွန်ကျောင်း ပညာရည်ချွန်ဆုချီးမြှင့်

ဟိုပင် ဖေဖော်ဝါရီ ၂၂

ဟိုပင်မြို့ အခြေခံပညာမူလတန်းလွန်ကျောင်း (ဟိုပင်အရှေ့)၏ မိဘ ဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရေးစုံညီပွဲတော်ကို ဖေဖော်ဝါရီ ၁၅ရက်က အခြေခံပညာမူလတန်းလွန်ကျောင်း (ဟိုပင်အရှေ့)၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်က ကျောင်း၏ တိုးတက်မှုများကို ရှင်းလင်းပြောကြားပြီး ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

မိုင်းယောင်းမြို့ စိန်ပန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လင်း ကြီးကြပ် ဆောင်ရွက်ရာ သို့ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းမြင့် ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

စိန်ရတုမွေးနေ့ မင်္ဂလာဆုတောင်း

အနန္တ ကျေးဇူးရှင် မိခင်ကြီး **ဒေါ်ထွားစိန်**၏ ၁၀-၃-၂၀၀၆ရက် စိန်ရတုမွေးနေ့မှသည် အသက်ရာကျော်တိုင်အောင် ဘာသာ၊ သာသနာအကျိုးကို စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ချစ်သားသမီးများ – ဦးအောင်မြင့်-ဒေါ်ခင်ရီ
ဦးအေးကျော်-ဒေါ်အေးအေးမြင့်
ဒေါ်ခင်ချို
ဦးဇော်လွင်-ဒေါ်သိန်းသန်း
ဦးအေးလွင်-ဒေါ်လဲ့လဲ့ခိုင်
ဦးအေးနိုင်-ဒေါ်လဲ့လဲ့ဝင်း

ချစ်မြေးများ – ဝင်းဝင်းနွယ်၊ အေးသန္တာ၊ ရာဇာလင်း၊ မြတ်ဇော်လင်း၊ ရည်မွန်သိမ့်၊ အောင်ကိုကို၊ နှင်းနန္ဒာ၊ ဇင်မေမေဖူး၊ အေးမြင့်မြတ်၊ ပိုင်ငြိမ်းခန့်၊ ဖူးပွင့်သန့်။

သမဝါယမဝန်ကြီးဌာန
သမဝါယမဦးစီးဌာန
ရန်ကုန်သမဝါယမဒီဂရီကောလိပ်
(ဒီပလိုမာသင်တန်းခွဲ)

လက်မှတ်ရ (၄-လ)သင်တန်းလျှောက်လွှာခေါ်ယူခြင်း

I . Computerized Accounting
(i) Accpac Plus 6.1 (with modules)
(ii) MYOB Accounting
II. Hardware Maintenance
III English Proficiency Course

(ပြင်ပကျွမ်းကျင် ပညာရှင်များဖြင့် ပူးပေါင်းပို့ချမည်။)
အနိမ့်ဆုံး အခြေခံပညာအထက်တန်းအဆင့်ရှိသူများ တက်ရောက်နိုင်သည်။

သင်တန်းကာလ – သင်တန်းအားလုံး(၄)လသင်တန်း (စနေနေ့နှင့် တနင်္ဂနွေနေ့)
သင်တန်းဖွင့်မည့်ရက် – ၂၀၀၆ ခုနှစ်၊ မတ်လ ၂၅ ရက်
လျှောက်လွှာပိတ်မည့်ရက် – ၂၄-၃-၂၀၀၆

ဆက်သွယ်ရန်၊ ဖုန်း-၅၄၂၈၁၅၊ ၅၅၉၁၇၃
သမဝါယမကုန်သွယ်ရောင်းဝယ်ရေးဗဟိုဌာန၊
ဆရာစံပလာဇာ၊
ဆရာစံလမ်းနှင့်တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်၊
ဗဟန်းမြို့နယ်။

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းတိုးချဲ့ဆောက်လုပ်ရေး အလှူရှင်များ

[illegible]

နိုင်ငံခြားကျွမ်းကျင်... [illegible]

[illegible] 17-2-2006 မှ 16-4-2006 [illegible] 17-4-2006 နေ့တွင် [illegible]

No. 54 [illegible] 68 လမ်း
6½ မိုင် [illegible] ရန်ကုန်မြို့ [illegible]
Ph: 01-507016, 703946 0990-40119, 02-80658

ပဉ္စမအကြိမ်မြောက် ဇရာဝတီတိုင်း ဆရာဝန်ညီလာခံနှင့်ဆေးပစ္စည်းပြပွဲ
ပုသိမ်မြို့-၂၀၀၆ခုနှစ် မတ်လ၁၆ရက်မှ ၁၇ရက်နေ့အထိ

မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်)မှ ကြီးမှူး၍ ပဉ္စမအကြိမ် ဧရာဝတီတိုင်း ဆရာဝန်ညီလာခံနှင့် ဆေးပစ္စည်းပြပွဲကို ၂၀၀၆ခုနှစ် မတ်လ ၁၆ ရက်နေ့နှင့် ၁၇ ရက်နေ့တွင် M.M.A HALL ဆေးရုံကြီးဝင်း၌ ကျင်းပပြုလုပ်ပါမည်။ နောက်ဆုံးပေါ် ဆေးကုသနည်းနှင့် သုတေသန စာတမ်းများကို ပါမောက္ခနှင့် အထူးကုဆရာဝန်ကြီးများမှ ဟောပြောဆွေးနွေးကြပါမည်။ ဆရာဝန်များအားလုံး ကြွရောက်ဆွေးနွေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

စုံစမ်းရန်နှင့် မှတ်ပုံတင်ရန်
၁။ Dr. အောင်ကြည်ဝင်း (ကလေးအထူးကုဆရာဝန်ကြီး) ဖုန်း-၀၄၂-၂၁၂၈၂၊
၂။ Dr. ကြည်ဖေလော(အရိုးအထူးကုဆရာဝန်ကြီး) ဖုန်း-၀၄၂-၂၄၂၈၂။

ရွှေတောင်မြို့ ရွှေမျက်မှန်ဘုရားကြီး၏ ဂန္ဓကုဋိတိုက်အထက်တွင် ဘုံခုနစ်ဆင့်ပါ ဘုံနန်းပြာသာဒ်ဆောက်လုပ်ရန်အတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၉ ရက်က အဆိုပါ ဂန္ဓကုဋိတိုက်တွင် ကျင်းပရာ (မြပိုးထည်တိုက်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)ရန်ကုန်မြို့မှ ဒေါ်ညွန့်ညွန့်ခင်နှင့် (၂၇)လမ်း ရန်ကုန်မြို့မှ ဦးကျော်အေးတို့က ရန်ကုန်မြို့ စေတနာရှင်ပြည်သူများ၏ကိုယ်စား လှူဒါန်းငွေကျပ် ၆၁၁၇၀၀ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဆွေက လက်ခံယူစဉ်။ (၁၁၆)

မော်လမြိုင်ကျွန်းမြို့၌ ဓမ္မပိမာန်အတွက်ငွေလှူဒါန်း ဇီဝိတဒါန ကျွဲ၊နွား အလှူရှင်များအား ဂုဏ်ပြု

မော်လမြိုင်ကျွန်း မတ် ၁

၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်အတွင်း မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျွဲ၊နွားများ၏အသက်ကို ဇီဝိတဒါနအဖြစ် ကယ်တင်လှူဒါန်းသော အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲနှင့် ကမ်းနားကျောင်း ဓမ္မဗိမာန်အတွက် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၆ရက်နံနက်၉နာရီက ကမ်းနားကျောင်း ဓမ္မဗိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယက ဆရာတော်များထံမှ ဩဝါဒခံယူကြပြီး မြို့နယ် ဇီဝိတဒါန အဖွဲ့ကော်မတီဝင် ဦးခင်မောင်ဝင်းက ဒုတိယ အကြိမ်မြောက် ဇီဝိတဒါန အလှူရှင် ၁၅၄ဦးတို့၏လှူဒါန်းငွေကျပ် ၃၉ သိန်းကျော် လှူဒါန်းမှုလုပ်ငန်းများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဇီဝိတဒါနအဖွဲ့မှ ကမ်းနားကျောင်း ဓမ္မဗိမာန် မျက်နှာကြက်အတွက်လှူဒါန်းငွေကျပ်တစ်သိန်းအား ဇီဝိတဒါနအလှူရှင်တစ်ဦးက ကမ်းနားကျောင်း ဂေါပကအဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးဇော်မင်းဦးထံသို့လည်းကောင်း၊ မြို့နယ်ဇီဝိတဒါနအဖွဲ့မှ ကျွဲ၊နွားများ၏ အသက်ကို ဇီဝိတဒါနအဖြစ် ကယ်တင်လှူဒါန်းသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ကြသည်။ (၀၉၇)

တာမွေမြို့နယ် ကျောက်မြောင်းသီတာလမ်း အမှတ်(၄၁) နေ ဦးကျော်ညွန့်-ဒေါ်မြမြအေးနှင့် သားသမီးများဖြစ်သော ဦးကျော်သူရ-ဒေါ်စိုးစိုးလွင်၊ဦးကျော်တေဇ- ဒေါ်နန်းရွှေဝါဝင်း၊ ဗိုလ်မှူး ရဲမြတ်ထွန်း-ဒေါက်တာကျော်စန္ဒာ မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် စေတီရံတစ်ဆူအတွက် အလှူတော်ငွေကျပ်တစ်သိန်းလှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။
(က-ပ)

ဟုမ္မလင်းမြို့၌ ရွှေလမင်းစာကြည့်တိုက်ဖွင့်

ဟုမ္မလင်း ဖေဖော်ဝါရီ ၁၂

ဟုမ္မလင်းမြို့နယ် လောင်းမင်းအုပ်စု လောင်းမင်းရွာ ရွှေလမင်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက ကျေးရွာရုံး အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ကြည်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးဖိုးချိုနှင့်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုးအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက်မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ကြည်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဖိုးချိုက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဟောပြောဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ခရမ်းမြို့နယ်နာရေးကူညီမှုအသင်း ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်း ခရမ်းမြို့နယ် နာရေးကူညီမှု အသင်းဖွင့်ပွဲကို ဖေဖော်ဝါရီ၁၈ရက်က ခရမ်းမြို့နယ် အမှတ်(၃)ရပ်ကွက် သတိပဋ္ဌာန်လမ်း ဇေတီ ဘုရားတန်ဆောင်းရှိ ယာယီရုံးခန်းမ၌ကျင်းပရာ အသင်းနာယက ဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကေသရာဘိဝံသက အသင်းဆိုင်းဘုတ်ကို အမွှေးနံ့သာဖြင့် ပက်ဖျန်းဖွင့်လှစ်ပေး၍ ဩဝါဒကထာမြွက်ကြားပြီး အသင်းနာယက အဖွဲ့ဝင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင့်လွင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးဦးကျော်မြင့်အောင်နှင့် ခရမ်းမြို့နယ်နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးကျော်ဆွေတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ခရမ်းမြို့နယ် နာရေးကူညီမှုအသင်းသို့ အလှူရှင်များက အလှူငွေများကိုပေးအပ်လှူဒါန်းကြသည်။
(သတင်းစဉ်)

သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်အတွင်း ငွေကျပ် ရှစ်သိန်းဖြင့် အကုန်အကျခံ တူးဖော်ပေးသော လယ်တီကျေးရွာသောက်သုံးရေကန် တူးဖော်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၅ ရက်က အငယ်တန်း အင်ဂျင်နီယာ(၂)ဦးအောင်ကျော်မင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။
(မြို့နယ်စည်ပင်)

သံဖြူဇရပ်မြို့နယ်စက်စဲရွာရှိ ကျောက်ပုစွန်များ၏ ရောင်းဝယ်စုဆောင်းမှု အရွယ်အစားကို ဖေဖော်ဝါရီ ၂၆ ရက်က မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးလှမင်းဇော်နှင့် ဝန်ထမ်းများ ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာလုပ်ငန်းရှင် ဦးသောင်းဟုန်က ရှင်းလင်းပြသစဉ်။
(မြို့နယ်ငါးလုပ်ငန်း)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင် သာ ယာ ရေး အဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြည် ဖေဖော်ဝါရီ ၁၅ ရက်က တုံ တာ မြို့ စည်ပင်သာယာရေးအဖွဲ့၏ ပျိုးဥယျာဉ်ကို စစ်ဆေးစဉ်။
(မြို့နယ် စည်ပင်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ညှိသည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် မတ် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ည ၇နာရီခွဲတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ ဧည့်ခံဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **စာမျက်နှာ ၉ ကော်လံ ၅** ■



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ ဧည့်ခံဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

မတ် ၉ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့် အဖွဲ့ဝင်များ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ စာချုပ်ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား ဂြိုဟ်တုဖြင့် အဝေးမှ စူးစမ်းရှာဖွေရေးနယ်ပယ်တွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးပွဲကို တက်ရောက်ကြစဉ်။ (သတင်း-ရွှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး